

THE HEDGE
KNIGHT
လမ်းတေလေသူရဲကောင်း
မျိုးဇော်ဝင်း
ဘာသာပြန်သည်
George R.R. Martin
A GAME OF THRONES PREQUEL GRAPHIC NOVEL
SAMPLE BOOK
mdyoe.com

mgyoe.com SAMPLE BOOK

George R.R. Martin

# THE HEDGE KNIGHT



ISBN 978-99971-44-18-8
K0405
9 789997 144188 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မတ်လ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Illustrations by Gary Gianni
သော်သိဂ်ါဖွဲ့စည်းသည်။
တန်ဖိုး - ၃၂၀၀ ကျပ်

mgyoe.com

.mgyoe.com SAMPLE BOOK

# GEORGE R.R. MARTIN'S THE HEDGE KNIGHT

A GAME OF THRONES PREQUEL GRAPHIC NOVEL

## လမ်းတလေ သူ့ရဲကောင်း

မျိုးဇော်ဝင်း ဘာသာပြန်သည်




mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK



George R.R. Martin ကို ၁၉၄၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ အသက် ၂၁ နှစ် အရွယ်မှစ၍ စိတ်ကူးယဉ် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများကို စတင်ရေးသားခဲ့သည်။ သူ၏ ဘဝသက်တမ်းတစ်လျှောက်တွင် ဆုတံဆိပ်ပေါင်းများစွာ ရရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့လွှမ်းမိုးမှု အရှိဆုံး လူ ၁၀၀ စာရင်းတွင် ဖော်ပြခံခဲ့ရသည်။ သူ ရေးသားခဲ့သည့် စာအုပ်ပေါင်း ၃၀ ကျော်အနက် A Game Of Thrones, A Clash Of Kings, A Storm Of Swords, A Feast For Crows, A Dance With Dragons စာအုပ် ၅ အုပ်ဖြင့် ဖွဲ့စည်းထားသော A Song Of Ice And Fire စာအုပ်တွဲကြီးမှာ အထင်ရှားဆုံး၊ အကျော်ကြားဆုံး ဖြစ်သည်။ ဘာသာစကားပေါင်း ၄၀ ကျော် ပြန်ဆိုခြင်း ခံထားရသည်။ အမေရိကန် တစ်နိုင်ငံတည်းတွင် စောင်ရေ ၄၅ သန်းကျော် ရောင်းကုန်ခဲ့ပြီး ကမ္ဘာ့တစ်ဝန်းတွင် စောင်ရေ သန်း ၉၀ ကျော် ရောင်းကုန်ထားသည်။ ထိုစာအုပ်တွဲကို အခြေခံ ရိုက်ကူးထားသော Game Of Thrones ရုပ်သံဇာတ်လမ်းတွဲကို HBO ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းတွင် လူကြိုက်အများဆုံး၊ လူကြည့်အများဆုံး ဇာတ်လမ်းတွဲအဖြစ် အောင်မြင်ထားသည်။ ဝတ္ထုတိုများအဖြစ် The Hedge Knight,

mgyoe.com

mgyoe.com SAMPLE BOOK

The Sworn Sword, The Mystery Knight, The Sons Of The Dragon, The Princes And The Queen, The Rogue Prince နှင့် ဝတ္ထုရှည်အဖြစ် Fire And Blood တို့ကို A Song Of Ice And Fire ၏ Prequel ဝတ္ထုများအဖြစ် ရေးသားခဲ့သည်။

❒

mgyoe.com

mgyoe.com
SAMPLE BOOK




၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့ ရန်ကုန်မြို့၌ ဦးဇော်ဝင်း၊ ဒေါ်ဌေးဌေးမြင့်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ၂ ဦးအနက် အငယ်ဆုံး ဖြစ်သည်။ ရန်ကုန်မြို့ အမက(၂) ပန်းဘဲတန်း၊ အထက(၁) လသာ၊ အထက(၁) ဒဂုံတို့တွင် ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူး ၄ ဘာသာဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် Mechanical Engineering ဘာသာရပ်ကို သင်ယူခဲ့ပြီး ပညာရေးစနစ်ကို လွန်စွာ မနှစ်မြို့သောကြောင့် တတိယနှစ်တွင် ကျောင်းထွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် စာပေလောကထဲ ဝင်ရောက်ခဲ့သည်။ အမေရိကန် ဂန္ထဝင် စာရေးဆရာကြီး George R. R. Martin ၏ A Game Of Thrones, A Clash Of Kings, The Ice Dragon နှင့် ဂျပန်လူငယ်စာရေးဆရာ Genki Kawamura ၏ International Best Selling ဖြစ်သော If Cats Disappeared From The World တို့ကို ဘာသာပြန်ဆိုခဲ့ပြီး ဖြစ်သည်။ လက်ရှိတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ နေထိုင်ရင်း စာအုပ်များစွာကို ဘာသာပြန်ဆို ရေးသားလျက်ရှိသည်။



mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

အမေရိကန် စာရေးဆရာကြီး George Richard Raymond Martin (ဂျော့ချ် အာရ်အာရ်မာတင်) သည် ဤဝတ္ထုတိုကို ၁၉၉၈ ခုနှစ်တွင် ရေးသား ထုတ်ဝေခဲ့သည်။ ဤဝတ္ထုတိုသည် နာမည်ကျော် Game Of Thrones ရုပ်သံဇာတ်လမ်းတွဲ အခြေခံရိုက်ကူးထားသည့် A Song Of Ice And Fire ဂန္ထဝင်ဝတ္ထုတွဲကြီး မပေါ်ပေါက်မီ နှစ်တစ်ရာခန့်က (Prequel) ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

လမ်းတေလေ သူရဲကောင်း တစ်ဦးဖြစ်သော ဆာအာလန်သည် သူ မသေဆုံးမီ လက်ထောက်ဖြစ်သည့် ဒန့်ခ်ကို သူရဲကောင်းဘွဲ့ ချီးမြှောက်ခဲ့သည်။ ဒန့်ခ်က သူ့သခင်၏ ရုပ်အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီး စီးချင်းထိုးပြိုင်ပွဲကြီး ကျင်းပမည့် အက်ရှ်ဖို့သို့ တစ်ကိုယ်တည်း ထွက်လာခဲ့သည်။ လမ်းတွင် အက်ဂ်ဟု အမည်ရှိသော တေလေကြမ်းပိုး ကောင်လေးတစ်ဦးနှင့် အမှတ်မထင် တွေ့ဆုံခဲ့ပြီး ထိုကောင်လေးကို သူ၏လက်ထောက်အဖြစ် မလွဲမရှောင်သာ ခန့်အပ်ခဲ့သည်။ ထိုကောင်လေးသည် အခြားသူ မဟုတ်ပါ။ နောင်တစ်ချိန်တွင် ဘုရင်ဖြစ်လာသည့် တာဂေးရီးယန်း မင်းသားတစ်ပါး ဖြစ်သည်။

ဒန့်ခ် ဟု ငယ်နာမည်ရှိသော ဆာဒန်ကန်၏ အကြောင်းကို Game Of Thrones ဇာတ်လမ်းတွဲတွင်လည်းကောင်း၊ မူရင်းဝတ္ထုတွဲကြီး A Song

mgyoe.com

mgyoe.com SAMPLE BOOK

Of Ice And Fire တွင်လည်းကောင်း အကြိမ်များစွာ ရည်ညွှန်းဖော်ပြခဲ့သည်။ ဆာဒန်ကန်သည် သမိုင်းတွင် အလွန်ထင်ရှားကျော်ကြားခဲ့သော ဘုရင့်သက်တော်စောင့်တစ်ဦး ဖြစ်သည်။

ဤဝတ္ထု၏ အဆက်များဖြစ်သော The Sworn Sword ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ The Mystery Knight ၂၀၁၀ ခုနှစ်တွင် လည်းကောင်း ရေးသား ထုတ်ဝေထားသည်။ ဤဝတ္ထုများကို Tales Of Dunk And Egg (ဒန့်ခ်နှင့် အက်ဂ် ပုံပြင်များ) ဟုလည်း ခေါ်ကြသေးသည်။ ၂၀၁၅ ခုနှစ်တွင် ဤဝတ္ထုတို ၃ ပုဒ်ကို ပေါင်းစည်း၍ A Knight Of The Seven Kingdoms စာအုပ်အဖြစ် ထုတ်ဝေခဲ့ရာ ပိုမိုအောင်မြင် ကျော်ကြား လူသိများခဲ့သည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ရွှေဦးမိုး ကျထားသောကြောင့် မြေသားမှာ ပျော့ပျောင်းနေသဖြင့် ဒန့်ခ်အဖို့ မြေကျင်းတူးရာတွင် အခက်အခဲမရှိပေ။ အဘိုးကြီးက နေဝင်ချိန်ကို နှစ်သက်သောကြောင့် သူက ခပ်နိမ့်နိမ့် တောင်ကုန်း တစ်ခု၏ အနောက်ဘက် လျှောစောက်ကို ရွေးချယ်ထားသည်။

"တစ်ရက်ကုန်ပြန်ပြီ ဒန့်ခ်ရေ၊ မနက်ဖြန်က ဘာတွေကို ယူဆောင်လာမယ် ဆိုတာ ဘယ်သူသိမလဲ လေ" ဟု အဘိုးကြီးက သက်ပြင်းတစ်ချက်နှင့် ပြောလေ့ ရှိသည်။

နံနက်ဖြန်တစ်ခုက အရိုးထိ စိုစွတ်အောင် သည်းထန်စွာ ရွာသော မိုးကို ယူဆောင်လာသည်။ နောက်တစ်ရက်က စိုထိုင်းသော လေပြင်းများကို ယူဆောင်လာသည်။ နောက်တစ်ရက်က ချမ်းစိမ့်စိမ့် ရာသီဥတုကို ယူဆောင်လာသည်။ လေးရက်မြောက်နေ့တွင် အဘိုးကြီး သည် မြင်းမစီးနိုင်လောက်အောင် အားအင်ချည့်နဲ့သွား၏။

ယခုတော့ သူ သေဆုံးသွားပြီ။ သူသည် လွန်ခဲ့သော ရက်အနည်းငယ်ကပင် မြင်းစီးရင်း သီချင်းညည်းခဲ့သေးသည်။ သီချင်းက

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

လှပသည့် မိန်းမပျိုလေးတစ်ဦးနှင့် တွေ့ဆုံရန် 'ဂူးတောင်း' မြို့ဆီ သွားရောက်ပုံကို ရေးဖွဲ့ထားသည်။ သူတို့က တကယ်တမ်းတော့ 'အက်ရှ်ဖို့မီဒိုး' ကို သွားနေခြင်း ဖြစ်သည်။

ဒန့်ခ်က မြေကျင်းတူးနေရင်း စိတ်ထဲတွင်တော့ 'အက်ရှ်ဖို့က ချောမောလှပတဲ့ မိန်းမပျိုလေးကို သွားတွေ့မယ်··· ဟေး··· ဟို' ဟု ဝမ်းနည်းစွာ ဆိုညည်းနေမိသည်။

မြေကျင်းကို အတော်အသင့်နက်အောင် တူးပြီးသောအခါ ဒန့်ခ်သည် အဘိုးကြီး၏ အသက်မဲ့ခန္ဓာကိုယ်ကို ပွေ့ချီလိုက်သည်။ အဘိုးကြီးက သေးငယ်ပိန်ပါးသော လူတစ်ယောက် ဖြစ်သည်။ သံချပ်အင်္ကျီ၊ သံခမောက်နှင့် ဓားအိမ်ချိတ်ခါးပတ်တို့ကို ဖယ်ရှားလိုက်သော် အဘိုးကြီးသည် သစ်ရွက်များ ထည့်ထားသည့် အိတ်တစ်အိတ်ခန့်သာ လေးတော့သည်။ ဒန့်ခ်ကတော့ အသက်နှင့်မလိုက်အောင် အရပ်ရှည်သည်။ ထွားကျိုင်းပြီး အရိုးကြီးသည်။ ဆယ့်ခြောက်နှစ်၊ သို့မဟုတ် ဆယ့်ခုနစ်နှစ်လောက်တော့ ရှိမည်။ သူ့အသက် အမှန်ကို သူကိုယ်တိုင်ပင် မသိချေ။ သူ့အရပ်က ခုနစ်ပေနီးနီး ရှိသည်။ အဘိုးကြီးသည် ဒန့်ခ်၏ ခွန်အားကြီးမားပုံကို မကြာခဏ ချီးကျူးပြောဆိုသည်။ ချီးကျူးပြောဆိုရာတွင်တော့ မတွန့်တိုတတ်ပေ။ သူ ပေးနိုင်တာကလည်း ဒါပဲရှိသည် မဟုတ်လော။

ဒန့်ခ်သည် အဘိုးကြီးအား မြေကျင်းထဲထည့်လိုက်ပြီး အတန်ကြာ ငုံ့ကြည့်နေမိသည်။ လေထုထဲတွင် မိုးနံ့ပြန်ရလာသည်။ မိုးထပ်မရွာခင် မြေကျင်းကို ပြန်ဖို့သင့်သည်ဟု သူ တွေးသည်။ အဘိုးကြီး၏ နွမ်းလျနေသည့် မျက်နှာပေါ် မြေစိုင်ခဲများ လောင်းသွန်ချရန် ခက်ခဲလှပေသည်။ 'တကယ်ဆိုရင် ဆုတောင်းစာတွေ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ ဘုန်းတော်ကြီးတစ်ပါးပါး ရှိနေသင့်တယ်။ အခုတော့ ငါတစ်ယောက်တည်းပဲ' ဒန့်ခ်က စိတ်ထဲတွင် ရေရွတ်လိုက်သည်။ အဘိုးကြီးသည် သူ့အား ဓားများ၊ လှံများ၊ ဒိုင်းများကို အသုံးပြုတတ်အောင် သင်ကြားပေးခဲ့သော်လည်း စာတော့ မသင်ပေးနိုင်ခဲ့ချေ။

"ခင်ဗျားရဲ့ဓားကို ခင်ဗျားနဲ့အတူ မြှုပ်နှံလိုက်ချင်ပေမယ့် မြေကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ထဲမှာ သံချေးတက်သွားရုံပဲ ရှိမယ်၊ နတ်ဘုရားတွေက ခင်ဗျားကို ဓားအသစ်တစ်လက် ပေးမှာပါ၊ ကျွန်တော် ခင်ဗျားကို မသေစေချင်ဘူး ဆာ''

ဒန့်ခ်က တောင်းပန်သည့် ပုံမျိုးနှင့် ပြောသည်။

ဘာဆက်ပြောရမှန်း သူ မသိတော့ပေ။ အဘိုးကြီးက ဆုတောင်းလေ့ရှိသူ မဟုတ်သောကြောင့် ဆုတောင်းစကားတို့ကို သူ မသိခြင်း ဖြစ်၏။

''ခင်ဗျားက စစ်မှန်တဲ့ သူရဲကောင်းတစ်ဦးပါ၊ ကျွန်တော့်ကို ဘယ်တုန်းကမှ မရိုက်ခဲ့ဘူး၊ 'မေဒန်ပူးလ်' တုန်းက လွဲလို့လေ၊ အဲဒီတုန်းက မုဆိုးမကြီးရဲ့ ပိုင်မုန့်ကို ခိုးစားတာ ကျွန်တော် မဟုတ်ဘူး၊ တည်းခိုဆောင်က ကောင်လေး လို့ ပြောခဲ့တာပဲ၊ ထားပါတော့လေ၊ အခုတော့ ခင်ဗျားကို နတ်ဘုရားတွေ ခေါ်ဆောင်သွားပြီ'' ဟု ဆက်ပြောလိုက်သည်။

ဒန့်ခ်က မြေစိုင်ခဲများကို ကန်ကျောက်၍ မြေကျင်းကို စတင်ဖို့သည်။ ထို့နောက် သေသပ်စွာ ဆက်ဖို့သည်။ အောက်ထဲကို လုံးဝငုံ့မကြည့်ပေ။ 'သူ အသက်ရှည်ပါတယ်၊ သူ့အသက်က ခြောက်ဆယ်နား ကပ်နေပြီ၊ ဘယ်သူတွေ ဘယ်လောက်အထိ နေရမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ အနည်းဆုံးတော့ သူ့အနေနဲ့ နွေဦးကာလကို ကြုံလိုက်ရပါသေးတယ်' ဒန့်ခ်က တွေးသည်။

မြင်းများကို အစာကျွေးသည့် အချိန်တွင် နေဝင်နေပြီ ဖြစ်သည်။ မြင်းသုံးကောင် ရှိသည်။ ခါးကိုင်းနေသည့် သူ့မြင်း 'ဆွိဖု'၊ အဘိုးကြီး၏ အုန်းခွံရောင် ပေါလ်ဖရေးမြင်းငယ်၊ စီးချင်းထိုးပွဲများနှင့် တိုက်ပွဲများတွင်သာ စီးနင်းသော 'မိုးကြိုး' ဟု အဘိုးကြီး နာမည်ပေးထားသည့် စစ်မြင်းတို့ ဖြစ်ကြသည်။ ထိုအညိုရောင် မြင်းသိုးကြီးက ယခင်ကလို ဖျတ်လတ်ကြံ့ခိုင်ခြင်း မရှိတော့သော်လည်း မျက်လုံးများက တောက်ပနေဆဲ၊ စိတ်ဝိညာဉ်က ခက်ထန်နေဆဲပင်။ သူက ဒန့်ခ် ယခုပိုင်ဆိုင်သမျှ အရာအားလုံးအနက် တန်ဖိုးအရှိဆုံး ဖြစ်သည်။ 'ငါ မိုးကြိုးရယ်၊ ပေါလ်ဖရေးရယ်၊ ကုန်းနှီးတွေရယ်၊ ဇက်ကြိုးတွေရယ် ရောင်းလိုက်ရင် ငွေအလုံအလောက် ရနိုင်တယ်' ဒန့်ခ်က မျက်မှောင်ကြုတ်၍ တွေးသည်။

ဒန့်ခ်သည် ဟိုသခင် သည်သခင်ထံ အမှုထမ်းရင်း၊ သူတို့၏ တိုက်ပွဲ

mgyoe.com

mgyoe.com SAMPLE BOOK

များတွင် ဝင်ရောက်ဆင်နွှဲရင်း၊ စစ်ပွဲပြီးဆုံးချိန်အထိ သူတို့၏ ခန်းမများထဲတွင် စားရင်း သောက်ရင်း ရှင်သန်ရသော လမ်းတေလေ သူရဲကောင်းဘဝ တစ်ခုတည်းကိုသာ သိသည်။ မကြာခဏ ကျင်းပသော စီးချင်းထိုးပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အချို့သော လမ်းတေလေ သူရဲကောင်းများသည် ဆောင်းတွင်းရောက်လျှင် ဓားပြများအဖြစ် ပြောင်းလဲသွားသည်။ အဘိုးကြီးကတော့ ဘယ်တုန်းကမှ မပြောင်းလဲခဲ့ပေ။

'ငါ လက်ထောက် လိုအပ်နေတဲ့ လမ်းတေလေ သူရဲကောင်းတစ်ယောက်ကို ရှာပြီးတော့ သူ့မြင်းတွေကို အစာကျွေးပေးတာတို့၊ သူ့ချပ်ဝတ်တွေ လက်နက်တွေကို သန့်ရှင်းပေးတာတို့ လုပ်ပေးပြီးတော့ ရှင်သန်ရမလား။ 'လန်နီစပေါ့' ဖြစ်ဖြစ်၊ 'ဘုရင့်မြို့တော်' ဖြစ်ဖြစ် သွားပြီးတော့ မြို့စောင့်တပ်ဖွဲ့ထဲ ဝင်လိုက်ရင် ကောင်းမလား' ဒန့်ခ်က တိတ်တိတ်တွေးသည်။

သူက အဘိုးကြီး၏ ပစ္စည်းပစ္စယများကို ဝက်သစ်ချပင်အောက်တွင် ပုံလိုက်သည်။ အဝတ်အိတ်လေးထဲမှ ငွေသမင်ဒင်္ဂါး သုံးပြား၊ ကြေးပြားဆယ့်ကိုးပြားနှင့် ဂေါ်မုတ်နီကျောက်တစ်လုံး ထွက်ကျလာသည်။ လမ်းတေလေ သူရဲကောင်း အများစုကဲ့သို့ပင် သူ့ကြွယ်ဝချမ်းသာမှုများသည် မြင်းများနှင့် လက်နက်များသာ ဖြစ်ပေသည်။ ဒန့်ခ်သည် သူကိုယ်တိုင် အကြိမ်ပေါင်းထောင်နှင့်ချီ သံချေးချွတ်ခဲ့သော ချပ်ဝတ်အင်္ကျီတစ်ထည်၊ ဘယ်ဘက်နားထင်တွင် အနည်းငယ်ချိုင့်နေသော မျက်နှာဖွင့်သံခမောက်တစ်ခု၊ သားရေများကျိုးကြေနေသော အညိုရောင် ဓားအိမ်ချိတ် ခါးပတ်တစ်ခု၊ သစ်သားနှင့်သားရေ ရောစပ်ပြုလုပ်ထားသော ဓားအိမ်တစ်ခု၊ ဓားရှည်တစ်လက်၊ ဓားမြှောင်တစ်လက်၊ မုတ်ဆိတ်ရိတ်ဓားတစ်ချောင်း၊ ဓားသွေးကျောက်တစ်တုံး၊ လည်ကာချပ်ဝတ်တစ်ခု၊ ရှစ်ပေခန့်ရှည်သော လှံတစ်ချောင်းနှင့် 'ပန်နီထရီး' မှ 'ဆာအာလန်' ကို ကိုယ်စားပြုသော ဒိုင်းကာတစ်ခုတို့ကို ပိုင်ဆိုင်သွားသည်။ ထိုဒိုင်းကာကို ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသည်။ ဒိုင်းကာပေါ်ရှိ အမှတ်တံဆိပ်ကား အညိုရောင်နောက်ခံတွင် အတောင်ပံပါသော လက်ကိုင်မဲ့ ငွေခွက်ပုံ ဖြစ်သည်။

mgyoe.com

mgyoe.com

ဒန့်ခ်က ဒိုင်းကာကို ကြည့်လိုက်ပြီး ဓားအိမ်ချိတ် ခါးပတ်ကို ကောက်ယူလိုက်သည်။ ခါးပတ်သည် အဘိုးကြီးလို သေးငယ်ပိန်လှီသူနှင့် ကွက်တိဖြစ်နေသောကြောင့် သူနှင့် လုံးဝမတော်ပေ။ ချပ်ဝတ်အင်္ကျီကလည်း ထိုနည်းတူ ဖြစ်၏။ သူက ဓားအိမ်ကို ကြိုးတစ်ချောင်းတွင် တပ်ဆင်လိုက်ပြီး ထိုကြိုးကိုပင် ထုံးချည်၍ ခါးတွင် ပတ်လိုက်သည်။

ထို့နောက် ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ ဓားသည် ရဲတိုက်တွင် သွန်းလုပ်ထားသော ဖြောင့်စင်းလေးလံသည့် ဓားကောင်းတစ်လက် ဖြစ်သည်။ သစ်သားလက်ကိုင်ကို သားရေပျော့ပျော့ဖြင့် ပတ်ထားသည်။ ဓားနှောင့်က ချောမွတ်ပြောင်လက်နေပြီး အရောင်တင်ထားသည့် အနက်ရောင် ကျောက်တုံး တစ်တုံးကို တပ်ဆင်ထားသည်။ ဓား၏ထက်မြည့်မှုကို ဒန့်ခ် ကောင်းကောင်း သိသည်။ သူက သည်ဓားကို ညမအိပ်ခင်တိုင်း ဓားသွေးကျောက်၊ ဆီစိမ် အဝတ်တို့ဖြင့် ထိန်းသိမ်းနေကျ ဖြစ်၏။ 'ဒီဓားသာ သူနဲ့ အသားကျသလို ငါ့လက်နဲ့ အသားကျရင် အက်ရှ်ဖို့မိဒိုးက စီးချင်းထိုးပြိုင်ပွဲကို သွားပြိုင်လို့ ရတယ်' ဒန့်ခ်က စိတ်ထဲတွင် တွေးလိုက်သည်။

သူ့မြင်း ဆွိဖုသည် အဘိုးကြီး၏ အုန်းခွံရောင်မြင်းထက် ခြေလှမ်း သွက်နေသည်။ အရှေ့နားက စမ်းချောင်းနံဘေးတွင် သစ်နှင့်ဆောက်ထား သော တည်းခိုဆောင်တစ်ခုကို လှမ်းမြင်လိုက်ချိန်၌ ဒန့်ခ်သည် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး ပင်ပန်းနေပြီ ဖြစ်သည်။ ပြတင်းပေါက် အပြင်ဘက် လျှံထွက်နေသော နွေးထွေးဖွယ်ရှိသည့် အဝါရောင် မီးအလင်းက သူ့ကို ဖိတ်ခေါ်နေသည်။ ကျော်မသွားနိုင်အောင် ဆွဲဆောင်မှုပြင်းသည်။ 'ငါ့ဆီမှာ ငွေသမင် သုံးပြား ရှိတယ်၊ ညစာကောင်းကောင်းတစ်နပ်နဲ့ ဗျစ်ရည် အဝ သောက်လို့ ရတယ်' ဟု သူက တွေးသည်။

ဒန့်ခ် မြင်းပေါ်မှ ဆင်းလိုက်သောအခါ ကိုယ်တုံးလုံးနှင့် ကောင်လေး တစ်ယောက် ထွက်လာသည်။ သူ့တစ်ကိုယ်လုံး စိုရွှဲနေရာ ဧည့်သည်ကို မြင်တော့မှ စမ်းချောင်းထဲမှ ပြန်တက်လာပုံ ရသည်။ ကောင်လေးက ကြမ်းတမ်းဟောင်းနွမ်းနေသော အညိုရောင်ဝတ်ရုံတစ်ခုနှင့် သူ့ခန္ဓာကိုယ်ကို

mgyoe.com

mgyoe.com

SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ခြောက်သွေ့သွားအောင် စသုတ်လေသည်။ ဖြူဖပ်ဖြူရော်မျက်နှာ၊ ပိန်လှီသော ခန္ဓာကိုယ်နှင့် ကိုယ်တုံးလုံး ကောင်လေးသည် ရှစ်နှစ်၊ ကိုးနှစ်ထက် ပိုမကြီးနိုင်ချေ။ ခြေချင်းဝတ်အထိ ရှုံ့ပေသည်။ သူ့တစ်ကိုယ်လုံးတွင် ဆံပင်က အထူးဆန်းဆုံး ဖြစ်၏။ သူ့ခေါင်းတွင် ဆံပင်တစ်ပင်မှ မရှိပေ။

"မင်းက မြင်းထိန်းကောင်လေးလား၊ ငါ့ရဲ့ ပေါလ်ဖရေးမြင်းကို သန့်ရှင်းရေး လုပ်ထားပေး၊ သုံးကောင်လုံးကို မြင်းစားဂျုံ ကျွေးမယ်၊ မင်း လုပ်နိုင်တယ်မဟုတ်လား"

ကောင်လေးက သူ့ကို မထီမဲ့မြင် ပြန်ကြည့်လိုက်သည်။

"စိတ်ပါရင်တော့ လုပ်နိုင်ပါတယ်"

ဒန့်ခ်က မျက်မှောင်ကြုတ်လိုက်သည်။

"ငါက သူရဲကောင်း တစ်ယောက်ကွ၊ မင်း ငါ့ကို အဲဒီလိုပုံစံမျိုး လာမပြောနဲ့"

"ခင်ဗျားက သူရဲကောင်းနဲ့လည်း မတူပါဘူး"

"သူရဲကောင်းတွေ အားလုံးက တစ်ယောက်နဲ့ တစ်ယောက် တူလို့လား"

"ဟင့်အင်း... ဒါပေမဲ့ ခင်ဗျားနဲ့တော့ တစ်ယောက်မှ မတူဘူး၊ ခင်ဗျားရဲ့ ခါးပတ်ကလည်း ကြိုးကြီးဗျာ"

"ဘာပဲဖြစ်ဖြစ် ငါ့ဓားအိမ်ကို ချိတ်ထားနိုင်ရင် ပြီးတာပဲကွာ၊ အခု ငါ့မြင်းတွေကို အစာသွားကျွေးတော့၊ ကောင်းကောင်းလုပ်ရင် ကြေးပြား တစ်ပြားရမယ်၊ ဖြစ်သလို လုပ်ရင်တော့ နားရင်းအုပ် ခံရမယ်မှတ်"

ဒန့်ခ်က မြင်းထိန်းကောင်လေး ပြန်ပြောတာကို မစောင့်တော့ဘဲ ချာခနဲလှည့်၍ တံခါးပေါက်ဆီ လျှောက်သွားလေသည်။

သည်လိုအချိန်မျိုးတွင် တည်းခိုခန်း၌ လူပြည့်နေမည်ဟု သူ ထင်ထားသည်။ သို့သော် စားသောက်ခန်းမက လူမရှိသလောက် ဖြစ်၏။ သို့သော် ပွကား၍ လက်ရိုးမပါသည့် အင်္ကျီအကောင်းစားနှင့် သခင်ငယ်တစ်ဦးသည် စားပွဲတစ်လုံးတွင် ခပ်တိုးတိုးဟောက်ကာ မှောက်အိပ်နေသည်။ သူ့စားပွဲပေါ်

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ပိုင်များ ဖိတ်စဉ်နေ၏။ သူမှလွဲ၍ မည်သူမှမရှိပေ။ ဘေးဘီ ဝဲယာကို ဒန့်ခ် အကဲခတ်နေတုန်း ပုပုဝဝနှင့် မိန်းမတစ်ယောက်က မီးဖိုခန်းထဲမှ ထွက်လာလေသည်။

"ကြိုက်တဲ့ နေရာမှာ ထိုင်ပါ၊ ဗျစ်ရည်သောက်မှာလား၊ အစားစားမှာလား"

"သောက်လည်း သောက်မယ်၊ စားလည်း စားမယ်"

ဒန့်ခ်က အိပ်ပျော်နေသူနှင့် ဝေးရာ ပြတင်းပေါက်တစ်ပေါက်နားတွင် ထိုင်လိုက်သည်။

"သိုးသားကောင်းကောင်းလေး ရှိတယ်၊ သစ်ဥ သစ်ဖုတွေနဲ့ ကင်ထားတာ၊ ဘဲသားလည်း ရှိတယ်၊ ဒီကနေ့ပဲ ငါးသား ပစ်ချထားတာ၊ ဘာစားမလဲ"

ဒန့်ခ်သည် အပြင်ဆိုင်တွင် မစားရတာ နှစ်ဝက်လောက် ရှိနေပြီ။

"နှစ်မျိုးလုံး စားမယ်"

မိန်းမကြီးက ရယ်လိုက်သည်။

"မင်းကို ကြည့်ရတာ စားနိုင်မယ့် ပုံပါပဲ"

ထို့နောက် ဗျစ်ရည်ခွက်ကြီးကြီးတစ်ခွက် ယူလာပေးသည်။

"မင်း ညအိပ်ဖို့ အခန်းကော ယူဦးမလား"

ဒန့်ခ်သည် ပျော့ပျောင်းနူးညံ့သော အိပ်ရာနှင့် အမိုးအကာအောက်တွင် အလွန်အိပ်ချင်သော်လည်း ငွေကို ချွေတာသုံးရမည်။ ခါတိုင်းလို မြေကြီးပေါ်တွင်သာ အိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"မယူတော့ဘူး၊ သောက်စရာနဲ့ စားစရာပဲ နည်းနည်းပေးပါ၊ ဒါနဲ့ ကျွန်တော် အက်ရှ်ဖို့ကို သွားမလို့ဗျ၊ ဒီကနေ ဘယ်လောက် ဝေးသေးလဲ"

"တစ်ရက်ခရီးပဲ ကျန်တော့တယ်၊ ဒီလမ်းအတိုင်း ဆက်သွား၊ ကြိတ်ခွဲစက် ရောက်ရင် လမ်းဆုံကို တွေ့လိမ့်မယ်၊ အဲဒီအခါ မြောက်ဘက်ကို ဆက်သွားရင် ရောက်ပြီ၊ ငါ့သားက မင်းရဲ့ မြင်းတွေကို ကြည့်ပေးလား၊ ဒါမှမဟုတ် သူ ထွက်ပြေးသွားပြန်ပြီလား"

mgyoe.com

mgyoe.com SAMPLE BOOK

''မပြေးပါဘူး.. သူ ရှိပါတယ်၊ ဒါနဲ့ ခင်ဗျားဆိုင်မှာ လူမရှိသလောက် ပဲနော်''

''မြို့တစ်ဝက်လောက်က ပြိုင်ပွဲသွားကြည့်ကြတယ်လေ၊ ငါ့သား တောင် ငါ ခွင့်ပြုရင် သွားဦးမှာ၊ ငါပါ လိုက်သွားရင် ငါ့ဆိုင်တော့ မတွေးရဲ စရာပဲ၊ ကောင်လေးတွေက စစ်သည်တွေလို ဟိတ်ဟန်ထုတ်ပြီး လမ်း လျှောက်ချင်ကြတယ်၊ ကောင်မလေးတွေက သူတို့ဘေးက သူရဲကောင်း တစ်ဦးဦး ဖြတ်သွားရင် တခစ်ခစ်နဲ့ အူမြူးကြတယ်၊ ငါ့အမြင်မှာတော့ သူရဲကောင်းတွေကလည်း သာမန်လူတွေနဲ့ ဘာမှ မကွာပါဘူး၊ ကြက်ဥဈေး တွေ ကျသွားအောင် ယှဉ်ပြိုင်တိုက်ခိုက်ပေးတဲ့ သူရဲကောင်းမျိုး ငါ မတွေ့ဖူး သေးပါဘူးဟယ်၊ ဒါနဲ့ မင်းကော ဝင်ပြိုင်မလို့လား''

မိန်းမကြီးက ဒန့်ခ်ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ သူ့ဓားက အတွေးတစ်မျိုး ပေးလိမ့်မည်။ သူ့ဒိုင်းကာက အတွေးတစ်မျိုး ပေးလိမ့်မည်။ ကြိုးခါးပတ်နှင့် ကျူးနစ်အင်္ကျီ အကြမ်းထည်က အတွေးတစ်မျိုးစီ ပေးလိမ့် မည်။

ဒန့်ခ်က ပြန်မဖြေခင် ဇျစ်ရည်တစ်ငုံ သောက်လိုက်သည်။ ဇျစ်ရည် က အညိုရင့်ရောင်ဖြစ်ပြီး အရသာမှာ လေးလေးပင်ပင် ရှိသည်။ သူ နှစ်သက် သည်။

''ဟုတ်တယ်... ကျွန်တော် ချန်ပီယံဖြစ်ဖို့တောင် မှန်းထားသေး တယ်''

''ဟုတ်လား''

တည်းခိုဆောင်ပိုင်ရှင်က ယဉ်ကျေးသည့် လေသံဖြင့် ပြန်ပြောသည်။

ထိုစဉ် အိပ်ပျော်နေသည့် သခင်ငယ်က ပြန်နိုးလာသည်။ သူ့မျက်နှာ က ဝါကြန့်ကြန့်အရောင် ဖြစ်နေသည်၊ သူ့ဆံပင်က အညိုဖျော့ရောင်ဖြစ်ပြီး ကြွက်သိုက်လို ရှုပ်ထွေးနေသည်။ မေးစေ့အောက်တွင် ရွှေရောင်မုတ်ဆိတ်မွေး သေးသေးချွန်ချွန်လေး ရှိသည်။ သူက ပါးစပ်ကို လက်ဖြင့်ပွတ်ပြီး ဒန့်ခ်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ မင်းကို အိပ်မက်မက်တယ်၊ မင်း ငါနဲ့ ဝေးဝေးနေစမ်း၊ ကြားလား" ဟု သူက လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောသည်။ သူ့ လက်ချောင်းများက တုန်ယင်နေသည်။

ဒန့်ခ်က ကြောင်တောင်တောင် ဖြစ်သွားသည်။

"သခင်"

တည်းခိုဆောင်ပိုင်ရှင်က ဒန့်ခ်အနား တိုးကပ်၍ ပြောသည်။

"သူ့ကို ဂရုမစိုက်နဲ့၊ သူက တစ်ချိန်လုံး သောက်စားပြီးတော့ သူ့အိပ်မက်တွေအကြောင်းပဲ ပြောနေတာ၊ ခဏထိုင်ဦး၊ စားစရာ သွားပြင်လိုက်ဦးမယ်"

"စားစရာလား"

သခင်ငယ်က မတ်တတ်ထရပ်လိုက်သည်။ ယိုင်လဲမသွားအောင် လက်တစ်ဖက်က စားပွဲကို ထိန်းကိုင်ထားသည်။ သူ့ကျူးနစ်အင်္ကျီအရှေ့က ဝိုင်နီများ စွန်းပေကာ ခပ်တောင့်တောင့် ဖြစ်နေသည်။

"ငါ ကောင်မလေးတစ်ယောက်လောက် လိုချင်တယ်၊ အားလုံးက အက်ရှ်ဖို့မိဒိုးကို သွားနေကြတယ်ကွာ၊ ဝိုင်လည်း ထပ်သောက်ချင်သေးတယ်" ဟု ပြောပြီး သီချင်းညည်းရင်း ယိုင်တိယိုင်တိုင်နှင့် အပေါ်ထပ် တက်သွားသည်။

'သနားစရာကောင်းတဲ့ သတ္တဝါပဲ၊ သူက ဘာဖြစ်လို့ ငါ့ကို သိတယ်လို့ ထင်နေရတာလဲ' ဒန့်ခ်က ဇျစ်ရည်သောက်ရင်း တစ်ချက် တွေးသည်။

သိုးသားက သူ စားဖူးသမျှ အစားကောင်းများလို ကောင်းမွန်သည်။ ဘဲသားက ပို၍ပင် ကောင်းသေးသည်။ ဘဲသားကို ချယ်ရီသီးများ၊ သံပရာသီးများဖြင့် နူးအိနေအောင် ချက်ထားသည်။ အဆီလည်း သိပ်မပါချေ။ ပိုင်ရှင်မိန်းမကြီးက ပဲစိမ်းလုံးကိုလည်း ယူလာပေးသည်။ ပေါင်မုန့်ဆိုလျှင် ပူနွေးနေဆဲဖြစ်သည်။ 'ဒါက သူ့ရဲကောင်းတစ်ယောက်ရဲ့ ဘဝပဲ၊ အစားကောင်းတွေ စားရတယ်၊ ဇျစ်ရည် ကြိုက်သလောက် သောက်လို့ ရတယ်၊ နားရင်းအုပ်မယ့်သူလည်း မရှိဘူး' ဒန့်ခ်က နောက်ဆုံးကျန်ရှိသော အရိုးပေါ်မှ ဘဲသားများကို စုပ်စားရင်း တွေးလိုက်သည်။ သူက ဇျစ်ရည်ဒုတိယခွက်ကို အစာစားရင်း

mgyoe.com

mgyoe.com SAMPLE BOOK

သောက်သည်။ တတိယခွက်ကို အစာများ မြှောချနိုင်ရန် သောက်သည်။ စတုတ္ထခွက်ကိုတော့ တားမည့်သူ မရှိသောကြောင့် သောက်ချင်၍ကို သောက်သည်။ ဒန့်ခ်သည် ပိုင်ရှင်မိန်းမကြီးအား ငွေသမင် တစ်ပြား ပေးလိုက်ရာ ပြန်အမ်းငွေအဖြစ် ကြေးဒင်္ဂါးလက်တစ်ဆုပ်စာ ပြန်ရလေသည်။

စားပြီး သောက်ပြီး၍ အပြင်ထွက်လာချိန်တွင် အတော်မှောင်နေပြီ။ သူ့ဝမ်းဗိုက်လည်း ပြည့်တင်းနေပြီ။ ပိုက်ဆံအိတ်ကတော့ နည်းနည်းပေါ့သွား၏။ ဗိုက်တင်းတင်းနှင့် လမ်းလျှောက်ရတာ အလွန်ကောင်းသည်။ အရှေ့နားမှ မြင်းဟီသံနှင့်အတူ ခေါင်းတုံးကောင်လေး၏ ''ဖြည်းဖြည်းသွား ကောင်လေး၊ ဖြည်းဖြည်းသွား'' ဟူသော အသံကို ကြားလိုက်သောအခါ ဒန့်ခ်က ခြေလှမ်းများကို ရပ်တန့်၍ မျက်မှောင်ကြုတ်လိုက်သည်။

မြင်းထိန်းကောင်လေးက အဘိုးကြီး၏ သံခမောက်နှင့် ချပ်ဝတ်အင်္ကျီတို့ကို ဝတ်ထားပြီး မိုးကြိုးပေါ် ထိုင်နေ၏။ ချပ်ဝတ်က သူ့ထက် ရှည်နေသည်။ သံခမောက်က ကြီးနေသဖြင့် အနောက်ကို လှန်ထားရသည်။ မဟုတ်လျှင် သူ့မျက်လုံးများကို အုပ်သွားလိမ့်မည်။ သူ့ကို ကြည့်ရတာ အလွန်ရယ်စရာ ကောင်းသည်။ ဒန့်ခ်က မြင်းဇောင်းအပေါက်ဝတွင် ရပ်လိုက်ပြီး ဟက်ခနဲ ရယ်လိုက်သည်။

ကောင်လေးက ဒန့်ခ်ကို မြင်သည်နှင့် ရှက်သွားပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

''သခင်ကြီး... ကျွန်တော် မရည်ရွယ်...''

''မင်းက သူခိုးပဲ''

ဒန့်ခ်က ခက်ထန်သည့် လေသံပေါက်အောင် ကြိုးစားပြောသည်။

''ချပ်ဝတ်ကို ချွတ်လိုက်စမ်း၊ မိုးကြိုးက မင်းရဲ့ အရူးခေါင်းကို မကန်လိုက်တာပဲ ကျေးဇူးတင်၊ သူက စစ်မြင်းကွ၊ ကလေးတွေ စီးတဲ့ မြင်းပုလေး မဟုတ်ဘူး''

ကောင်လေးက သံခမောက်ကို ချွတ်လိုက်ပြီး ကောက်ရိုးပုံပေါ် ပစ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

"ကျွန်တော်လည်း ခင်ဗျား စီးသလို စီးနိုင်ပါတယ်"

"ပါးစပ်ပိတ်ထားစမ်း… 'ငါ့ကို မထိမဲ့မြင် မပြောနဲ့၊ ချပ်ဝတ်အင်္ကျီကိုလည်း ချွတ်လိုက်၊ မင်းကိုယ်မင်း ဘာလုပ်နေတယ် ထင်လဲ"

"ခင်ဗျားပဲ ပါးစပ်ပိတ်ခိုင်းထားတာလေ၊ ကျွန်တော်က ဘယ်လို ပြန်ဖြေရမလဲ"

ကောင်လေးက ကိုယ်ကို တွန့်လိမ်၍ ချပ်ဝတ်ကို မြေပြင်ပေါ် လျှောကျစေလိုက်သည်။

"မင်း အခု ပါးစပ်ပြန်ဖွင့်ပြီး ပြောလို့ ရပြီ၊ အခုချက်ချင်း ချပ်ဝတ်ကို ပြန်ကောက်၊ ဖုန်တွေခါပြီး ယူတဲ့ နေရာမှာ ပြန်ထား၊ သံခမောက်ကိုရောပဲ၊ ငါ မှာထားခဲ့သလို မြင်းတွေကို အစာကျွေးထားလား၊ ဆွိဖုကိုကော သေချာ သန့်ရှင်းထားလား"

ကောင်လေးက ချပ်ဝတ်ပေါ်မှ ဖုန်များကို ခါရင်း ပြောသည်။

"လုပ်ထားတယ်၊ ဒါနဲ့ ခင်ဗျားက အက်ရှ်ဖို့ကို သွားမှာမဟုတ်လား၊ ကျွန်တော့်ကို ခေါ်သွားပါလား ဆာ"

တည်းခိုဆောင်ပိုင်ရှင်က သူ့ကို သည်အကြောင်းနှင့် ပတ်သက်ပြီး သတိပေးထားသေးသည်။

"ငါ ခေါ်သွားရင် မင်းအမေ ဘာပြောမလဲ"

"ကျွန်တော့်အမေလား၊ ကျွန်တော့်အမေက သေသွားပြီ၊ ဘာမှ မပြောနိုင်တော့ဘူး"

ဒန့်ခ် အံ့သြသွားသည်။ 'ပိုင်ရှင်မိန်းမကြီးက သူ့မိခင် မဟုတ်ဘူးပေါ့၊ ကောင်လေးက အလုပ်သမားပဲ ထင်ပါတယ်' သူက တွေးသည်။

သူ့ခေါင်းက ဗျစ်ရည်ကြောင့် မူးသလို ဖြစ်နေသည်။

"မင်းက မိဘမဲ့ ကောင်လေးလား"

ဒန့်ခ်က သေချာအောင် ထပ်မေးလိုက်သည်။

"ခင်ဗျားကကော"

ကောင်လေးက ပြန်မေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com

SAMPLE BOOK


"ငါလည်း တစ်ချိန်တုန်းက ဖြစ်ခဲ့တယ်"

ဒန့်ခ်က ပြန်ဖြေသည်။ သူ့စိတ်ထဲတွင်တော့ အဘိုးကြီး ခေါ်မသွားခင် ကပေါ့ဟု ရေရွတ်လိုက်သည်။

"ကျွန်တော့်ကို ခေါ်သွားပါလား၊ ကျွန်တော် ခင်ဗျားရဲ့ လက်ထောက် လုပ်ပေးနိုင်တယ်"

"ငါ လက်ထောက် မလိုဘူး"

"လက်ထောက် မလိုတဲ့ သူရဲကောင်းဆိုတာ မရှိပါဘူး၊ ခင်ဗျားကို ကြည့်ရတာ တခြားလူတွေထက်တောင် ပိုလိုမယ့် ပုံပဲ"

ဒန့်ခ်က နားရင်းအုပ်မည့်ဟန် ခြိမ်းခြောက်ရန် လက်တစ်ဖက်ကို မြှောက်လိုက်သည်။

"အေး ... မင်းကို ကြည့်ရတာလည်း နားရင်းအုပ်ပေးဖို့ လိုမယ့် ပုံပဲ၊ ငါ့ကို မြင်းစားဂျုံ တစ်အိတ်ပေး၊ ငါ အက်ရှ်ဖို့ကို သွားတော့မယ်၊ တစ်ယောက်တည်းပဲ"

ကောင်လေးသာ ကြောက်တတ်သူ ဆိုလျှင် ဟန်ဆောင်ကောင်းသူ ဖြစ်ရမည်။ သူက လက်ပိုက်၍ ဒန့်ခ်ကို မလေးမခန့် ပြန်ကြည့်နေသည်။ ဒန့်ခ်က သူ့ကို အလျှော့ပေးတော့မည့် အချိန်တွင် ကောင်လေးက မြင်းစား ဂျုံယူရန် လှည့်ထွက်သွားသည်။

ဒန့်ခ် စိတ်သက်သာရာရသွားသည်။ 'သနားစရာလေးပဲ၊ ငါ သူ့ကို မခေါ်သွားနိုင်ဘူး၊ လမ်းတလေ သူရဲကောင်းတစ်ယောက်ရဲ့ လက်ထောက် လုပ်တာထက်စာရင် မြင်းထိန်းလုပ်တာက သူ့အတွက် ပိုကောင်းတယ်၊ သူ့ကို ခေါ်သွားတာက သနားညာတာရာ မရောက်ဘူး' သူက စိတ်ထဲတွင် ရေရွတ် လိုက်သည်။

ခေါင်းတုံးကောင်လေး၏ စိတ်ပျက်မှုကို ဒန့်ခ် ခံစားမိသည်။ သူက ဆွဲဖုပေါ် တက်လိုက်ရင်း ကြေးပြားတစ်ပြားကတော့ သူ့ကို ဝမ်းမြောက်စေ လောက်မည်ဟု တွေးမိသည်။

"ကောင်လေး... မင်း ငါ့ကို ကူညီပေးတဲ့အတွက်" ဟု ပြောပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဒန့်ခ်က ဒင်္ဂါးပြားကို အပြုံးတစ်စနှင့် ပစ်ပေးလိုက်သည်။ ကောင်လေးက မဖမ်းယူပေ။ ဒင်္ဂါးပြားက သူ့ခြေထောက်နှစ်ချောင်းကြားသို့ ကျသွားသည်။

'ငါ လှည့်ထွက်သွားတာနဲ့ သူ ကောက်မှာပါ' ဟု ဒန့်ခ်က သူ့ကိုယ်သူ ပြောပြီး ဆွဲဖုနှင့် အခြားမြင်းနှစ်ကောင်ကို ဦးဆောင်ကာ တည်းခိုဆောင်မှ ထွက်လာလေသည်။ သစ်ပင်များက လရောင်အောက်တွင် ထင်သာ မြင်သာ ရှိနေသည်။ ကောင်းကင်ယံက တိမ်ကင်းစင်ပြီး ကြယ်များဖြင့် လှပနေသည်။ သူ့နောက်ကျောကို စူပုပ်ပုပ် မျက်နှာထားနှင့် စိုက်ကြည့်နေသည့် မြင်းထိန်းကောင်လေး၏ အကြည့်ကို သူ ခံစားနေမိသည်။

❐

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ကျယ် ပြောလှသော အက်ရှ်ဖို့လွင်ပြင်၏ အစွန်အဖျားသို့ ဒန့်ခ် ရောက်သောအခါ မွန်းတည့်နေပြီ။ ခြောက်ဆယ်ခန့်ရှိသော ရွက်ဖျင်တဲများကို မြက်ခင်းပြင်ပေါ်တွင် တွေ့မြင်ရသည်။ အချို့က သေးငယ်ပြီး အချို့က ကြီးမားသည်။ အချို့က လေးထောင့်ပုံဖြစ်ပြီး အချို့က အဝိုင်းပုံ ဖြစ်သည်။ အချို့ကို လီနင်ထည်ဖြင့် ပြုလုပ်ထားပြီး အချို့ကို ချည်ထည်ဖြင့် ပြုလုပ်ထားသည်။ ပုံပန်းသဏ္ဌာန် ကွဲပြားကြသည့်တိုင် ရွက်ဖျင်တဲ အားလုံးက မွန်းတည့်နေအောက်တွင် အရောင်အသွေး စုံလင်စွာ လှပနေကြ၏။ အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ အနက်ရောင်၊ မီးခိုးရောင်၊ ခရမ်းရောင် အရိုင်းပန်းများထက် ပိုမိုတောက်ပြောင်သည့် အရောင်အသွေးရှိသော အလံများကို ရွက်ဖျင်တဲတို့၏ အပေါ်တည့်တည့်တွင် လွင့်ထူထားကြသည်။

အဘိုးကြီးက ထိုသူ့ရဲကောင်းများထဲမှ အချို့နှင့်အတူ တိုက်ပွဲဝင်ခဲ့ဖူးသည်။ ဒန့်ခ်သည် စားသောက်ဆိုင်များတွင်လည်းကောင်း၊ စခန်းချသည့်အခါတွင်လည်းကောင်း ပြောကြသည့် စကားများအရ အချို့သူ့ရဲကောင်းများကို သိထားသည်။ အဘိုးကြီးက စာမတတ်သောကြောင့် ဒန့်ခ်ကို စာမသင်ပေးနိုင်ခဲ့သော်လည်း သူ သင်ပေးနိုင်သည့် အရာများကိုတော့ ဆရာစားမချန်ဘဲ

mgyoe.com

mgyoe.com

SAMPLE BOOK


သင်ပေးခဲ့သည်။

နိုက်တင်ဂေးငှက်က မာချ်နယ်မြေမှ သခင်ကာရွန်၏ အမှတ်တံဆိပ်ဖြစ်သည်။ သူက လုံရေးကျွမ်းကျင်သလို စောင်းကောက်တီးရာတွင်လည်း ထူးချွန်သည်။ သရဖူဆောင်း ဒရယ်ဖိုအလံက ဆာလိုင်ယွန်နယ်ဘာရာသီယွန်ကို ကိုယ်စားပြုသည်။ သူ့ကို 'ရယ်နေတဲ့ မုန်တိုင်းကြီး' ဟုလည်း ခေါ်ကြသည်။ ဒန့်ခ်သည် တာလီအိမ်တော်၏ မုဆိုးပုံ၊ ဒွန်ဒယ်ရီယွန်အိမ်တော်၏ ခရမ်းရောင် မိုးကြိုးသွားပုံ၊ ဖော်ဆိုဝေးတို့၏ အနီရောင် ပန်းသီးပုံ၊ လန်နစ်စတာတို့၏ ဟိန်းဟောက်နေသော ရွှေခြင်္သေ့ပုံ၊ အက်စ်တာမွန့်တို့၏ အစိမ်းရင့်ရောင် ပင်လယ်လိပ်ပုံတို့ကို တွေ့သည်။ အနီရောင်မြင်းပုံနှင့် အညိုရောင်တဲသည် ဆာအိုသိုဘရက်ကင်း၏ ရွက်ဖျင်တဲသာ ဖြစ်လိမ့်မည်။ လွန်ခဲ့သော သုံးနှစ်က ဘုရင့်မြို့တော်တွင် ကျင်းပခဲ့သော စီးချင်းထိုးပြိုင်ပွဲ၌ သခင်ကွင်တင်ဘလက်ခ်ဂူးဒ်ကို သတ်ပစ်ပြီးနောက်တွင် 'ရက်စက်တဲ့ ဘရက်ကင်း' ဟု အမည်တွင်ခဲ့သည်။ ပြိုင်ပွဲများတွင် အသုံးပြုသော အသွားတုံးလက်နက် ဖြစ်လင့်ကစား ဆာအိုသိုက အားကုန်ထုတ်၍ ခုတ်ခဲ့သောကြောင့် ပုဆိန်ရှည်က သခင်ကွင်တင်၏ သံခမောက်ကို ဖြတ်ပိုင်း၍ ဦးခေါင်းခွံကိုပါ ကွဲအက်သွားစေခဲ့သည်။ ဒန့်ခ်သည် ဘလက်ခ်ဂူးဒ်အလံအချို့ကိုလည်း လွင်ပြင်အနောက်ပိုင်းတွင် တွေ့သည်။ သူတို့က ဆာအိုသိုနှင့် ဝေးနိုင်သမျှဝေး၍ နေကြသည်။ ထို့အပြင် မာဘရန်း၊ မာလစ်စတာ၊ ကာဂိုင်း၊ ဝက်စ်တာလင်း၊ စွမ်း၊ မူလန်ဒေါ်၊ ဟိုက်တာဝါ၊ ဖလိုရင့်၊ ဖရေး၊ ပန်းရိုစ်၊ စတုတ်ခ်ဝေါ်သ်၊ ဒယ်ရီ၊ ပါရင်၊ ဝိုင်လ်အလံတို့ကိုလည်း တွေ့ရသည်။ အနောက်ပိုင်းနှင့် တောင်ပိုင်းရှိ အိမ်တော်တိုင်းသည် သူရဲကောင်းတစ်ဦး၊ သို့မဟုတ် သုံးဦးကို အက်ရှ်ဖို့သို့ စေလွှတ်ခဲ့ပုံရသည်။

ထိုသူရဲကောင်းများ၏ ရွက်ဖျင်တဲများသည် ကောင်းမွန်သေသပ်သော်လည်း ထိုတဲများကြားတွင် သူ့အတွက် နေရာမရှိတာကို ဒန့်ခ် သိသည်။ သည်ညအတွက် သူ့ရွက်ဖျင်တဲက သိုးမွေးဝတ်ရုံအနွမ်းသာ ဖြစ်လိမ့်မည်။ အရှင်သခင်များနှင့် အခြားသူရဲကောင်းများသည် ညစာအဖြစ် ကြက်ကင်များ၊ ဝက်မြေမနင်းသားများကို စားသုံးချိန်၌ သူ့ညစာကတော့ အမဲသားဆားနယ်နည်းနည်းသာ ဖြစ်လိမ့်မည်။ ထိုမြက်ခင်းပြင်ထဲတွင် သွားရောက်စခန်းချလျှင် အထင်သေးသည့် မျက်လုံးများဖြင့် အကြည့်ခံရခြင်း၊ လှောင်ပြောင်ခံရခြင်း

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com

တို့ကို ကြုံတွေ့ရနိုင်ကြောင်း ဒန့်ခ် ကောင်းကောင်းသိသည်။ အချို့ကတော့ ကြင်ကြင်နာနာ ဆက်ဆံလိမ့်မည်။ သို့သော် ထိုသို့ဆက်ဆံခံရလျှင် ပိုခံရခက်လိမ့်မည်။

လမ်းတလေ သူရဲကောင်းတစ်ဦးသည် မာနနှင့် ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်းရမည်။ မဟုတ်လျှင် ကြေးစားစစ်သည်တစ်ဦးနှင့် ကွာခြားတော့မည် မဟုတ်ပါ။ 'ငါ သူတို့ကြားမှာ နေရာယူနိုင်ရမယ်၊ ငါ ကောင်းကောင်း ယှဉ်ပြိုင်နိုင်ရင်တော့ သခင်တချို့က ငါ့ကို သူတို့လက်အောက်မှာ အမှုထမ်းဖို့ ကမ်းလှမ်းလိမ့်မယ်၊ အဲဒီနောက်မှာ ငါ နာမည်ကြီး သူရဲကောင်းတွေနဲ့အတူ တိုက်ပွဲဝင်မယ်၊ ရဲတိုက်ခန်းမထဲမှာ ညစာတိုင်းကို လတ်ဆတ်တဲ့ အသားနဲ့ စားပြီးတော့ ပြိုင်ပွဲတွေကျရင် ကိုယ်ပိုင်ရွက်ဖျင်တဲနဲ့ နေမယ်၊ ဒါပေမဲ့ အရင်ဆုံး ငါ ကောင်းကောင်းယှဉ်ပြိုင်ရမယ်' ဟု ဒန့်ခ်က စိတ်ထဲတွင် ရေရွတ်၍ အက်ရှ်ဖို့ လွင်ပြင်ကို ကျောခိုင်းလိုက်ပြီး သစ်ပင်များဆီ မြင်းစီးထွက်လေသည်။

ရဲတိုက်နှင့် မြို့တို့မှ တစ်မိုင်ခန့်ဝေးသော အက်ရှ်ဖို့လွင်ပြင် အစွန်အဖျား တစ်နေရာတွင် စမ်းချောင်းတစ်ခုမှ ဖြစ်တည်လာသော ရေကန် တစ်ကန်ကို တွေ့သွားသည်။ ကန်စပ်တစ်လျှောက်တွင် ကျူပင်များ ပေါက်နေပြီး အရွက်စိပ်သော အမ်းပင်ကြီးတစ်ပင်က ရေကန်ရှေ့တွင် ရှိနေသည်။ မြက်ပင်တို့မှာ သူရဲကောင်းတို့၏ အမှတ်တံဆိပ်များထက်ပင် စိမ်းစိုသေးသည်။ အထိအတွေ့ကလည်း နူးညံ့လှသည်။ ဤနေရာကို မည်သူကမှ ခြေမချရသေးပေ။ "ဒါက ငါ့ရွက်ဖျင်တဲပဲ၊ သစ်ရွက်မိုးထားတဲ့ ငါ့ရွက်ဖျင်တဲက တိုင်ရဲလ်တွေ၊ အက်စ်တာမွန့်တွေရဲ့ အလံတွေထက်တောင် စိမ်းသေးတယ်" ဒန့်ခ်က သူ့ကိုယ်သူ ပြောသည်။

သူက အရင်ဦးဆုံး မြင်းများကို အစာကျွေးသည်။ ထို့နောက် ရေကန်ထဲ ဆင်း၍ ကိုယ်လက်ဆေးကြောသည်။

"စစ်မှန်တဲ့ သူရဲကောင်းဆိုတာ ဘာသာတရား ကိုင်းရှိုင်းသူတွေလို သန့်ရှင်းနေရမယ်" ဟု အဘိုးကြီး အမြဲပြောလေ့ရှိသည်။ သူရဲကောင်းများသည် ညစ်ပတ်နံစော်မနေလျှင်တောင် နေ့စဉ်နေ့တိုင်း ရေချိုးကြသည်ဟု ပြောသည်။ ဒန့်သည် ယခုအခါ သူရဲကောင်းတစ်ဦး ဖြစ်နေပြီ။ အဘိုးကြီး ပြောသည့် သူရဲကောင်းတစ်ဦးလို ရှင်နေသန်ထိုင်မည်ဟု ကျိန်ဆိုထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒန့်ခ်သည် အဝတ်များကို အခြောက်ခံထားပြီး အမ်းပင်အောက်တွင် ကိုယ်တုံးလုံး ထိုင်လေသည်။ သူ့အရေပြားကို လာရောက်ထိတွေ့သော နွေဦးလေပြည်၏ နွေးထွေးမှုကို ခံစားရင်း ကျူပင်များအကြား ပျင်းရိပျင်းတွဲ ပျံသန်းနေသော နဂါးပုစဉ်းလေးများကို လိုက်ကြည့်နေမိသည်။ ''ဒီကောင်တွေကို နဂါးပုစဉ်းလို့ ဘာကြောင့်ခေါ်တာလဲ၊ နဂါးနဲ့လည်း မတူပါဘူး'' ဟု သူ့ကိုယ်သူ ပြောသည်။ ပြောရမည်ဆိုလျှင် ဒန့်ခ်သည် နဂါးဟူသည့် သတ္တဝါကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးချေ။ အဘိုးကြီးကတော့ မြင်ဖူးသည်။

ဒန့်ခ်သည် ထိုဇာတ်လမ်းကို အကြိမ်ငါးဆယ်ခန့် ကြားဖူးသည်။ ဆာအာလန်သည် ငယ်ငယ်တုန်းက အဘိုးဖြစ်သူနှင့်အတူ ဘုရင့်မြို့တော်သို့ လိုက်ပါသွားခဲ့ပြီး နောက်ဆုံးနဂါးကို မသေမီ သုံးနှစ် အရင်က မြင်တွေ့ခဲ့သည်။ ငယ်စဉ်ကတည်းက ဖွံ့ဖြိုးမှုရပ်ဆိုင်းခဲ့သော အစိမ်းရောင် နဂါးအမဖြစ်သည်။ အလွန်သေးငယ်ပြီး အတောင်ပံများက ပိန်လှီသည်။ သူ့ဥများမှာလည်း တစ်လုံးမှ မပေါက်ချေ။

''ဘုရင်အေဂွန် အဆိပ်ခတ်လိုက်တာလို့ တချို့တွေ ပြောတယ်၊ တတိယအေဂွန်လေ၊ ဘုရင်ဒါရီယွန်ရဲ့အဖေ မဟုတ်ဘူး။ သူ့ကို 'ကံဆိုးသူအေဂွန်' လို့ ခေါ်တယ်၊ 'နဂါးတွေကို ဒုက္ခပေးတဲ့သူ' လို့လည်း ခေါ်တယ်၊ သူက နဂါးတွေကို သိပ်ကြောက်တာ သူ့ဦးလေးရဲ့ နဂါးက သူ့အမေကို သူ့ရှေ့တင်ပဲ စားပစ်လိုက်တာလေ၊ နောက်ဆုံးနဂါး သေပြီးကတည်းက ဆောင်းရာသီတွေက ပိုရှည်လာပြီး ပိုကြမ်းတမ်းလာတယ်'' ဟု အဘိုးကြီးက ဒန့်ခ်ကို ပြောပြခဲ့သည်။

ညနေစောင်းသော် လေက စတင်အေးလာသည်။ ကြက်သီးထလာသောအခါ ဒန့်ခ်က သူ့အဝတ်အစားများကို သစ်ပင်နှင့်ရိုက်၍ ဖုန်ခါပြီး ပြန်ဝတ်လိုက်သည်။ မနက်ဖြန်ရောက်လျှင် ပြိုင်ပွဲတာဝန်ခံကို သွားရှာပြီး အမည်စာရင်း ပေးရမည်။ သို့သော် သည်ညတွင်တော့ အခြားလုပ်စရာများ ရှိသေးသည်။

ဒန့်ခ်သည် သူ့ပုံရိပ်ကို ကန်ရေပြင်တွင် ကြည့်စရာ မလိုပေ။ သူက သူရဲကောင်းတစ်ဦးနှင့် မတူမှန်း ကောင်းကောင်းသိသည်။ ထို့ကြောင့် ဆာအာလန်၏ ဒိုင်းကာကို ကျောတွင် လွယ်လိုက်သည်။ မြင်းများ ထွက်ပြေး

mgyoe.com

mgyoe.com

မသွားအောင် ခြေနှစ်ချောင်းကို ပူး၍ ကြိုးချည်လိုက်ပြီး ပြိုင်ပွဲကျင်းပမည့် အက်ရှ်ဖို့လွင်ပြင်ဆီ ခြေကျင်လျှောက်လေသည်။

ပုံမှန်အချိန်ဆိုလျှင် ဤလွင်ပြင်ကြီးတွင် မြစ်ကမ်းတစ်ဖက်ရှိ အက်ရှ်ဖို့ နယ်သားများသာ ရှိသည်။ သို့သော် ယခုတော့ ပြောင်းလဲသွားချေပြီ။ နောက်တစ်မြို့က ညတွင်းချင်း ပေါ်ပေါက်လာသည်။ ကျောက်သားအိမ်များ အစား ရွက်ဖျင်တဲများ ဖြစ်နေသည့် ဒုတိယမြို့သည် ပထမမြို့ထက် ပိုကြီးမား သည်။ ရာနှင့်ချီသော ကုန်သည်များသည် လွင်ပြင်အစွန်းတစ်လျှောက်တွင် ဆိုင်တန်းများကို ခင်းကျင်းထားပြီး အထည်အလိပ်များ၊ အသီးအနှံများ၊ ခါးပတ်များ၊ ဖိနပ်များ၊ သားရေများ၊ သိမ်းငှက်များ၊ မြေထည်ပစ္စည်းများ၊ ကျောက်မျက်အရိုင်းတုံးများ၊ ဒန်အိုး ဒန်ခွက်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ငှက်တောင်များနှင့် အခြားပစ္စည်းများကို ရောင်းချနေသည်။ ဆပ်ကပ်သမား များ၊ ရုပ်သေးဆရာများ၊ မျက်လှည့်ပညာရှင်များက လူအုပ်ကြားထဲတွင် ဖျော်ဖြေနေကြသည်။ ပြည့်တန်ဆာများနှင့် ခါးပိုက်နှိုက်များကလည်း သူတို့ လိုပင် လူအုပ်ကြားထဲတွင် ရှိလေသည်။ ဒန့်ခ်က သူ့ပိုက်ဆံအိတ်လေးကို သေချာကိုင်ထားမိသည်။

ဒန့်ခ်သည် ဝက်အူချောင်းကင်အနံ့ ရသောအခါ သွားရည်ကျလာ၏။ သူက ဝက်အူချောင်းတစ်ချောင်းကို ကြေးပြားတစ်ပြားနှင့် ဝယ်လိုက်သည်။ ထို့နောက် အစာမျှောချရန် ဗျစ်ရည်တစ်ခွက်လည်း ဝယ်လိုက်သေးသည်။ ဒန့်ခ်သည် မတ်တတ်ရပ်၍ စားသောက်နေရင်း ဆေးရောင်ခြယ်သထားသော သစ်သားသူရဲကောင်းရုပ်လေးနှင့် သစ်သားနဂါးတို့ တိုက်ခိုက်နေသော ရုပ်သေး ပွဲကို ကြည့်နေမိသည်။ ရုပ်သေးဆရာသည်လည်း ကြည့်လို့ ကောင်းသည်။ သူမသည် အရပ်ရှည်ပြီး သံလွင်သီးရောင် အသားအရေ ရှိသည်။ဒွန်းသူတို့၏ မည်းနက်သော ဆံနွယ်ကို ပိုင်ဆိုင်ထားသည်။ ခန္ဓာကိုယ်က လှံတံတစ်ချောင်းလို ပိန်ပါးပြီး ရင်သားများက ပြားချပ်နေသည်။ သို့သော် ဒန့်ခ် နှစ်သက်တာက သူ့မျက်နှာနှင့် သူ့လက်ချောင်းများ၏ လှုပ်ရှားမှုတို့ကိုသာ ဖြစ်သည်။ သူ့မှာ သာ ငွေကြေးပိုပိုလျှံလျှံရှိလျှင် ကောင်မလေးကို ကြေးပြားတစ်ပြား ချီးမြှင့် မိလိမ့်မည်။ ယခုတော့ သူ့အခြေအနေက ကြေးပြားတစ်ပြားကိုပင် လက်လွှတ်စပယ် အသုံးပြုနိုင်သည့် အခြေအနေမျိုး မဟုတ်ချေ။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

 mgyoe.com SAMPLE BOOK 

သူ မျှော်လင့်ထားခဲ့သလိုပင် ကုန်သည်များကြား၌ ချပ်ဝတ်တန်ဆာ ပြုလုပ်သူများလည်း ရှိနေသည်။ အပြာရောင် မုတ်ဆိတ်ကို နှစ်ခွလုပ်ထားသော တိုင်ရီရှိတစ်ဦးသည် လက်ရာမြောက် သံခမောက်များကို ရောင်းချနေသည်။ တစ်နေရာတွင် ဓားပြုလုပ်သူ တစ်ဦးသည် အရည်အသွေးညံ့သော ဓားများကို ရောင်းချနေသည်။ နောက်တစ်ဦး၏ ဓားများကတော့ ပိုကောင်းသည်။ သို့သော် သူ လိုနေတာ ဓားမဟုတ်ပေ။

သူ လိုအပ်နေသူကို ဈေးတန်းအဆုံးတွင် တွေ့ရသည်။ သူ့အရှေ့ စားပွဲပေါ်တွင် ချပ်ဝတ်အင်္ကျီတစ်ထည်နှင့် သံလက်အိတ်တစ်စုံကို ခင်းကျင်းထားသည်။ ဒန့်ခ်က အနီးကပ် ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ လက်ရာက ကောင်းသားပဲ"

"ကျုပ်ထက် ကောင်းတဲ့သူ ဒီမှာ မရှိဘူး"

ပုပုဝဝနှင့် လူက ပြန်ပြောသည်။ သူ့အရပ်က ငါးပေထက် မပိုနိုင်ချေ။ ဒန့်ခ်လို လက်ပြင်ကျယ်သည်။ အမည်းရောင် မုတ်ဆိတ် ရှိသည်။ ကြီးမားသော လက်အစုံကို ပိုင်ဆိုင်ထားသည်။ သူ့မျက်နှာက ဈေးဆစ်၍ ရမည့်ပုံ မပေါက်ချေ။

"ကျွန်တော် ပြိုင်ပွဲအတွက် ချပ်ဝတ်ကောင်းကောင်း လိုနေတယ်၊ ချပ်ဝတ်အင်္ကျီရယ်၊ လည်ကာရယ်၊ ခြေကာရယ်၊ သံခမောက်ရယ် လိုတယ်"

အဘိုးကြီး၏ မျက်နှာဖွင့် သံခမောက်က သူနှင့် တော်သော်လည်း ဒန့်ခ်က သူ့မျက်နှာအား အကာအကွယ် ပိုပေးနိုင်မည့် သံခမောက်မျိုးကို အလိုရှိနေသည်။

ချပ်ဝတ်ပြုလုပ်သူက ဒန့်ခ်ကို ခေါင်းအစ၊ ခြေအဆုံး ကြည့်လိုက်သည်။

"မင်းက လူကောင်ကြီးတာပဲ၊ ကိစ္စမရှိပါဘူး၊ ငါက မင်းထက် ကြီးတဲ့ သူတွေအတွက်တောင် ချပ်ဝတ်တွေ လုပ်ပေးခဲ့ဖူးတယ်" ဟု ပြောပြီး သူက ဆိုင်အပြင်ဘက် ထွက်လာလေသည်။

"ဒူးထောက်လိုက်၊ ငါ မင်းရဲ့ပခုံးကို တိုင်းရမယ်၊ လည်ပင်းကို ရောပဲ"

သူက သားရေဖြင့် လုပ်ထားသော ပေကြိုးဖြင့် ပခုံးနှင့် လည်ပင်းတို့ကို တိုင်းလိုက်သည်။

mgyoe.com

“မင်းလက်ကို မြှောက်လိုက်၊ မဟုတ်ဘူး၊ ညာလက်၊ ထလို့ ရပြီ”

တုတ်ခိုင်သော ခြေသလုံးနှင့် ခါးတို့ကို တိုင်းသောအခါ ထိုလူက ညည်းသံပြုမိသည်။

“မင်းနဲ့ တော်မယ့်ဟာတွေ ငါ့လှည်းထဲမှာ ရှိတယ်၊ ရွှေတွေ ငွေတွေနဲ့ လုပ်ထားတာတော့ မဟုတ်ဘူး၊ သံမဏိကောင်းကောင်းနဲ့ လုပ်ထားတာ၊ ရိုးရှင်းတယ်၊ ခိုင်ခံ့တယ်၊ ငါ့သံခမောက်တွေက ပုံစံတော့ တုံးတယ်၊ ဒါပေမဲ့ အတောင်ပံပါတဲ့ သံခမောက်တွေ၊ နိုင်ငံခြားက ထူးဆန်းတဲ့ အသီးပုံတွေနဲ့ သံခမောက်တွေထက် မင်းကို ပိုကာကွယ်ပေးနိုင်တယ်”

“ကျွန်တော် လိုချင်တာလည်း အဲဒီလိုဟာပဲ”

“ငွေသမင်ရှစ်ရာ ကျမယ်၊ ဒါတောင် ငါ လျှော့ပေးထားတာ”

‘ဟာ … ရှစ်ရာတောင်မှလား’ ဒန့်ခ်က စိတ်ထဲတွင် ရေရွတ်လိုက်သည်။ သူ မျှော်မှန်းထားတာထက် ပိုများနေ၏။

“ကျွန်တော်… ကျွန်တော့်ဆီမှာ ချပ်ဝတ်အဟောင်းတွေ ရှိတယ်၊ နည်းနည်းတော့ သေးတယ်။ မျက်နှာဖွင့်သံခမောက်ရယ်။ ချပ်ဝတ်အင်္ကျီရယ်”

“စတီလီပိတ်က ကိုယ်လုပ်တာကိုပဲ ရောင်းတယ်၊ ဒါပေမဲ့ ငါ သတ္တုကိုတော့ ပြန်သုံးလို့ ရတယ်၊ မင်းဟာတွေက သံချေးသိပ်မတက်နေဘူး ဆိုရင် ငါ ငွေသမင်နှစ်ရာ လျှော့ပေးမယ်”

ဒန့်ခ်သည် ချပ်ဝတ်ကို ယုံကြည်မှုဖြင့် အရင်ပေးလိုက်နိုင်မလားဟု အောက်ကျို့ခံပြီး မေးလိုက်ချင်သည်။ သို့သော် ပြန်ရမည့် အဖြေကို သူ ကြိုသိနေသည်။ ကုန်သည်များသည် လမ်းတေလေ သူရဲကောင်းများအပေါ် အယုံအကြည် သိပ်မရှိကြောင်း အဘိုးကြီးနှင့် ခရီးများစွာနှင်ရင်း သိလာခဲ့သည်။ လမ်းတေလေ သူရဲကောင်းအချို့က ဓားပြများ ဖြစ်ကြသည် မဟုတ်လော။

“ကျွန်တော် ခင်ဗျားကို ငွေသမင်နှစ်ပြား အရင်ပေးထားမယ်၊ ချပ်ဝတ်အဟောင်းနဲ့ ကျန်တဲ့ငွေကိုတော့ မနက်ဖြန် ပေးမယ်”

ချပ်ဝတ်ပြုလုပ်သူက ဒန့်ခ်ကို တစ်ခဏ အကဲခတ်လိုက်သည်။

“ငွေသမင်နှစ်ပြားက မင်းကို တစ်ရက်လောက်တော့ စောင့်ပေးနိုင်ပါတယ်၊ တစ်ရက်ကျော်သွားရင်တော့ နောက်လာဝယ်တဲ့ သူကို ရောင်းမှာနော်”

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒန့်ခ်က ပိုက်ဆံအိတ်ထဲ လက်နှိုက်၍ ဒင်္ဂါးနှစ်ပြားကို ထုတ်လိုက်ပြီး ထိုလူကြီး၏ အသားမာတက်နေသော လက်ဖဝါးထဲ ထည့်ပေးလိုက်သည်။

"ခင်ဗျားကို ငွေအကျေ ချေမှာပါ၊ ကျွန်တော်က ချန်ပီယံဖြစ်ဖို့ မျှော်မှန်းထားတာ"

ပိတ်က ဒင်္ဂါးတစ်ပြားကို အသာကိုက်ကြည့်သည်။

"ဟုတ်လား··· ဒါဆိုရင် ဒီလူတွေ အားလုံးက မင်းကို အားပေးဖို့ လာကြတာပေါ့" ဟု သူက ငေါ့လိုက်သည်။

အမ်းပင်ကြီးဆီ ခြေဦးပြန်လှည့်ချိန်တွင် လမင်းကြီးက ကောင်းကင်ယံတွင် ထိန်ထိန်သာနေပြီ။ သူ့နောက်ကျောဘက်တွင် အက်ရှ်ဖို့လွင်ပြင်ကြီးက မီးတိုင်များ၏ အလင်းများဖြင့် တောက်ပနေသည်။ သီချင်းသံနှင့် ရယ်မောသံတို့မှာလည်း လေထဲ မျောလွင့်နေသည်။ သို့သော် သူ့စိတ်ကတော့ နက်မှောင်နေ၏။ ချပ်ဝတ်အတွက် ပိုက်ဆံရမည့် နည်းတစ်နည်းကိုသာ သူ စဉ်းစားနိုင်သည်။

"ငါလိုအပ်တာ နိုင်ပွဲတစ်ပွဲပဲ၊ အဲဒါကလည်း သိပ်ကြီးမားတဲ့ မျှော်လင့်ချက်တော့ မဟုတ်ပါဘူး"

ဒန့်ခ်က ခပ်ကျယ်ကျယ် ရေရွတ်လိုက်သည်။

အဘိုးကြီးပင် သိပ်များများ မမျှော်လင့်နိုင်ခဲ့ပေ။ ဆာအာလန်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းက စတွန်းအန်းဒ်တွင် ကျင်းပခဲ့သော စီးချင်းထိုးပြိုင်ပွဲ၌ ဒရာဂွန်စတုန်း၏ မင်းသားအား ရှုံးနိမ့်ခဲ့ပြီးနောက် မည်သည့်ပြိုင်ပွဲကိုမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုတော့ချေ။

"ခုနစ်ပြည်ထောင်ရဲ့ အတော်ဆုံးသူရဲကောင်းကို လှံခုနစ်ချောင်း ကျိုးပြီးမှ ရှုံးခဲ့တဲ့သူ သိပ်မရှိဘူး၊ ဒီထက်ကောင်းတဲ့ လက်ရည်ရဖို့လည်း ငါ မမျှော်လင့်ပါဘူး၊ ဘာလို့ ထပ်ကြိုးစားရမှာလဲ" ဟု ပြောခဲ့ဖူးသည်။

ဆာအာလန်၏ အသက်အရွယ်အရ ဒရာဂွန်စတုန်း မင်းသားထက် ပိုစွမ်းနိုင်သည်ဟု ဒန့်ခ် တွေးလေ့ရှိသော်လည်း ထုတ်တော့ မပြောရဲပေ။ အဘိုးကြီးက နောက်ဆုံးအချိန်အထိ သိက္ခာရှိရှိ နေထိုင်သွားခဲ့သည်။ "ငါက သန်မာပြီး သွက်လက်တယ်လို့ သူ အမြဲပြောတာပဲ" ဟု ဒန့်ခ်က သူ့ကိုယ်သူ ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

မြက်ပင်များအကြား လျှောက်လှမ်းနေရင်း အခွင့်အလမ်းများကို တွက်ချက်နေသော ဒန့်ခ်သည် ချုံပုတ်များကြားတွင် မီးရောင်ကို လှမ်းမြင်လိုက်သည်။ ဒန့်ခ်က ရပ်၍ စဉ်းစားမနေတော့ပေ။ သူ့လက်က ဓားကို ချက်ချင်း ထုတ်လိုက်ပြီး သူ့ခြေလှမ်းများက မီးရောင်ဆီ ဦးတည်သွားသည်။

သူက ကြုံးဝါး ကြိမ်းဆဲ၍ ရှေ့တက်သွားသည်။ မီးပုံဘေးက ကောင်လေးကို မြင်သောအခါ ရုတ်တရက် ရပ်လိုက်ပြီး သူ့ဓားကို ချက်ချင်း နှိမ့်ချလိုက်သည်။

"မင်း … မင်း ဒီမှာ ဘာလုပ်နေတာလဲ"

"ငါးကင်နေတာလေ၊ နည်းနည်းစားမလား"

"မင်း ဒီကို ဘယ်လို ရောက်လာတာလဲလို့ မေးတာကွ၊ မြင်း တစ်ကောင် ခိုးလာတာလား"

"သခင်အက်ရှ်ဖို့ရဲ့ စားတော်ပွဲအတွက် သိုးတွေ လာပို့တဲ့ လူတစ်ယောက်ရဲ့ လှည်းအနောက်ကနေ ခိုးလိုက်လာတာ"

"ဟုတ်ပြီ… ဒါဆိုရင် အဲဒီလူ ပြန်သွားပြီလား သွားကြည့်ချေ၊ ဒါမှ မဟုတ်လည်း လှည်းအသစ် ရှာလိုက်၊ ငါ မင်းကို ခေါ်မထားနိုင်ဘူး"

"ကျွန်တော် ပြန်သွားအောင် ခင်ဗျား ဘာမှ မလုပ်နိုင်ပါဘူး၊ ပြီးတော့ ကျွန်တော် တည်းခိုဆောင်မှာ နေရတာ ငြီးငွေ့လာပြီ"

"မင်းဆီက စော်ကားမော်ကား ပြောတာတွေ ငါ မကြားချင်တော့ဘူး၊ ငါ မင်းကို အခုချက်ချင်း မြင်းပေါ် ကောက်တင်ပြီး အိမ်ပြန်ပို့လို့ ရတယ်"

"အဲဒါဆိုရင် ခင်ဗျား ဘုရင့်မြို့တော်အထိ ပြန်လိုက်ပို့ရမှာ၊ ပြိုင်ပွဲကို လွဲသွားမှာပေါ့"

သူ့ကိုများ လှောင်ပြောင်နေသလားဟု ဒန့်ခ် တွေးမိသည်။ သို့သော် ဒန့်ခ်က ဘုရင့်မြို့တော်တွင် ကြီးပြင်းခဲ့မှန်း ကောင်လေး ဘယ်လိုမှ မသိနိုင်ပေ။ 'ဒီကောင်လေးက ဖလီးဘော်တွန်းက မိဘမဲ့ကလေး ဖြစ်မယ်၊ အဲဒီလို ဆင်ခြေဖုံး ရပ်ကွက်က ထွက်ပြေးချင်တဲ့ သူ့ကို ဘယ်အပြစ်တင်နိုင်မလဲလေ' ဒန့်ခ်က တွေးလိုက်သည်။

လက်ထဲတွင် ဓားကိုင်ထားပြီး ရှစ်နှစ်အရွယ် မိဘမဲ့ကလေး တစ်ယောက်နှင့် စကားပြောရတာ အရူးတစ်ယောက်လို ခံစားရသဖြင့် ဒန့်ခ်က ဓားကို

mgyoe.com

mgyoe.com SAMPLE BOOK


စားအိမ်ထဲ ပြန်ထည့်လိုက်သည်။ သူ့ကို မှတ်လောက်သားလောက်အောင် ရိုက်ပစ်သင့်သည်ဟု သူ တွေးသည်။ သို့သော် သူ့မျက်နှာလေးက ရိုက်ရက်စရာ မရှိအောင် သနားဖွယ် ကောင်းနေသည်။ ဒန့်ခ်က ဘေးဘီဝဲယာကို လှည့်ပတ် ကြည့်လိုက်သည်။ သေသပ်ကျနစွာ စီရီထားသော ကျောက်တုံးများ အလယ် တွင် မီးပုံလေးက အရှိန်ကောင်းကောင်းနှင့် တောက်လောင်နေသည်။ မြင်းများ ကို တိုက်ချွတ် သန့်စင်ပေးထားသည်။ အဝတ်များကို မီးပုံထက်ရှိ သစ်ကိုင်း တစ်ကိုင်းပေါ် ချိတ်ကာ အခြောက်ခံထားသည်။

"အဲဒါ ဘာလုပ်ထားတာလဲ"

ဒန့်ခ်က မေးသည်။

"ကျွန်တော် လျှော်ထားတာ၊ မြင်းတွေကိုလည်း သန့်ရှင်းရေး လုပ်ပေး ထားတယ်၊ မီးလည်း ဖိုထားတယ်၊ ငါးတစ်ကောင်လည်း ဖမ်းထားတယ်၊ ရွက်ဖျင်တဲ ဆောက်ပေးမလို့ပဲ၊ ကျွန်တော် ရှာမတွေ့လို့"

"ဒါက ငါ့ရွက်ဖျင်တဲပဲ"

ဒန့်ခ်က သူတို့ကို စီးမိုးထားသော အမ်းပင်ကြီး၏ သစ်ကိုင်းများကို လက်ညှိုးထိုးပြလိုက်သည်။

"ဒါက သစ်ပင်တစ်ပင်ပဲ"

ကောင်လေးက အထင်သေးစွာ ပြန်ပြောသည်။

"ဒါက စစ်မှန်တဲ့ သူရဲကောင်းတစ်ယောက် လိုအပ်တဲ့ ရွက်ဖျင်တဲပဲ၊ ငါက မီးခိုးတွေနဲ့ ရွက်ဖျင်တဲထဲမှာ အိပ်ရတာထက် ကြယ်တွေရဲ့ အောက်မှာ အိပ်ရတာကို ပိုသဘောကျတယ်"

"မိုးရွာလာရင် ဘယ်လိုလုပ်မလဲ"

"သစ်ပင်က ကာကွယ်ပေးနိုင်တယ်"

"မိုးမှ မလုံတာ"

ဒန့်ခ်က ရယ်မိသွားသည်။

"ဟုတ်တယ်၊ အမှန်တိုင်း ပြောရရင် ရွက်ဖျင်တဲဝယ်ဖို့ ငါ့မှာ ပိုက်ဆံမရှိဘူးကွ၊ မင်း ငါးကို မြန်မြန်လှန်လိုက်တော့၊ မဟုတ်ရင် တစ်ခြမ်း တူးပြီးတော့ တစ်ခြမ်းက မကျက်ဘဲ နေမယ်၊ မင်းကို ကြည့်ရတာ ချက်တတ် ပြုတ်တတ်တဲ့ပုံ မပေါ်ပါဘူးကွာ"

"ကျွန်တော် စိတ်ပါရင်တော့ လုပ်နိုင်ပါတယ်" ဟု ပြော၍ ကောင်လေး က အညိုရောင်ဝတ်ရုံဖြင့် ဦးခေါင်းကို ဖုံးအုပ်လိုက်သည်။

mgyoe.com

ခေါင်းတွင် သန်းမတွယ်စေရန်နှင့် ဖျားနာမှု ပျောက်ကင်းစေရန် မေစတာများသည် ကလေးသူငယ်များကို ခေါင်းရိတ်ပေးတတ်ကြောင်း ဒန့်ခ် ကြားဖူးသည်။

''မင်း နေမကောင်း ဖြစ်နေတာလား''

''မဖြစ်ပါဘူး၊ ဒါနဲ့ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ''

''ဒန့်ခ်''

ကောင်လေးက အရယ်ရဆုံး ဟာသတစ်ခုကို ကြားလိုက်ရသည့်နှယ် ကျယ်လောင်စွာ အော်ရယ်လိုက်သည်။

''ဒန့်ခ်လား… ဆာဒန့်ခ်ပေါ့၊ ဒါက သူ့ရဲကောင်းတစ်ယောက်ရဲ့ နာမည်မှ မဟုတ်တာ၊ ဒန်ကန်ရဲ့ အတိုကောက်လား''

ဟုတ်လား၊ မဟုတ်လား သူကိုယ်တိုင်ပင် မသိပေ။ သူ မှတ်မိသလောက်တော့ အဘိုးကြီးက သူ့ကို ဒန့်ခ်ဟုသာ ခေါ်ခဲ့သည်။ အဘိုးကြီးနှင့် မတွေ့ခင် အချိန်ကာလကို သူ မမှတ်မိတော့ပါ။

''ဒန်ကန် … ဟုတ်တယ်၊ ဆာဒန်ကန်'' ဟု သူက ပြန်ပြောသည်။ ဒန့်ခ်တွင် တခြားအမည် မရှိသလို ဘယ်အိမ်တော်ကမှလည်း မဟုတ်ပေ။ ဆာအာလန်က သူ့ကို ဖလီးဘော်တွန်၏ လမ်းကြိုလမ်းကြား တစ်နေရာမှ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ သူ့မိဘအရင်းကိုပင် ဒန့်ခ် မသိပါ။ 'ဖလီးဘော်တွန်က ဆာဒန်ကန်' ဟု ဆိုလိုက်လျှင်လည်း သူရဲကောင်း မဆန်တော့ပေ။ ပန်နီထရီးကဟု ပြောနိုင်သော်လည်း တစ်စုံတစ်ယောက်က ပန်နီထရီး၏ တည်နေရာကို မေးမြန်းလာလျှင် မည်သို့ ပြန်ဖြေမည်နည်း။ ဒန့်ခ်သည် ပန်နီထရီးကို မရောက်ဖူးသလို ဆာအာလန်ကိုယ်တိုင်ကလည်း ထိုအကြောင်းကို ဘယ်တုန်းကမှ မပြောပြခဲ့ဖူးပေ။ ဒန့်ခ်က တဒင်္ဂ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး…

''အရှည်ကြီး ဆာဒန်ကန်'' ဟု လွှတ်ခနဲ ပြောလိုက်သည်။ သူက အမှန်တကယ် အရပ်ရှည်သဖြင့် ထိုနာမည်က ပိုသင့်လျော်သည်ဟု တွေးမိသည်။

ကောင်လေးကတော့ ထိုသို့ မထင်ချေ။

''အရှည်ကြီး ဆာဒန်ကန် ဆိုတဲ့ သူရဲကောင်းကို တစ်ခါမှ မကြားဖူးဘူး''

mgyoe.com

"မင်းက ခုနစ်ပြည်ထောင်က သူရဲကောင်းတွေ အားလုံးကို သိလို့လား"

ကောင်လေးက ဒန့်ခ်ကို ရဲတင်းစွာ ကြည့်လိုက်သည်။

"တော်တဲ့သူတွေကိုတော့ သိတယ်"

"ငါကလည်း တော်တဲ့ သူထဲမှာ ပါတယ်ကွ၊ ပြိုင်ပွဲပြီးသွားရင် လူတွေအားလုံး သိသွားကြလိမ့်မယ်၊ ဒါနဲ့ မင်းနာမည်က ဘာတဲ့လဲ သူခိုးလေး"

ခေါင်းတုံးကောင်လေးက ချက်ချင်း ပြန်မဖြေချေ။

"အက်ဂ်"

ဒန့်ခ်က မရယ်ပေ။ သူ့ခေါင်းက တကယ်လည်း ဉနှင့် တူသည်ဟု တွေးမိသည်။

"အက်ဂ် ... မင်းကို ငါ မှတ်လောက်သားလောက်အောင် ရိုက်ပြီးတော့ အိမ်ပြန်ပို့သင့်တယ်၊ မှန်မှန်ပြောရရင် ငါ့မှာ ရွက်ဖျင်တဲ မရှိသလို လက်ထောက်လည်း မရှိဘူး၊ မင်းသာ ငါပြောသလို လုပ်မယ်ဆိုရင် မင်းကို ပြိုင်ပွဲပြီးတဲ့အထိ ခေါ်ထားမယ်၊ အဲဒါပြီးရင်တော့ ကြည့်ကြတာပေါ့၊ မင်း ကောင်းကောင်းနေရင် မင်းကိုယ်ပေါ်မှာ အဝတ်အစား ရှိစေရမယ်၊ ဗိုက်ထဲမှာ အစာ ရှိစေရမယ်၊ အဝတ်အစားတွေက အကြမ်းထည်တွေ ဖြစ်လိမ့်မယ်၊ အစာကတော့ အမဲသားဆားနယ်တို့ ငါးဆားနယ်တို့ ဖြစ်လိမ့်မယ်၊ တစ်ခါတလေ သမင်သားတွေ ဘာတွေ ဖြစ်နိုင်တယ်၊ သစ်တောစောင့်တွေ မရှိရင်ပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် မင်း ဗိုက်မဆာစေရဘူး၊ မင်းကို မရိုက်သင့်ဘဲ ဘယ်တော့မှ မရိုက်ဘူးလို့ ငါ ကတိပေးတယ်"

အက်ဂ်က ပြုံးလိုက်သည်။

"ကောင်းပါပြီ သခင်ကြီး"

"ဆာ လို့ပဲခေါ်၊ ငါက လမ်းတေလေ သူရဲကောင်းတစ်ယောက်ပဲ"

ဒန့်ခ်က ပြန်ပြင်ပေးလိုက်သည်။

အဘိုးကြီးများ သူ့ကို ငုံ့ကြည့်နေမလားဟု ဒန့်ခ် တွေးမိသည်။ 'ခင်ဗျား ကျွန်တော့်ကို သင်ပေးခဲ့တဲ့ ပညာတွေ အားလုံးကို ကျွန်တော် သူ့ကို ပြန်သင်ပေးမယ်၊ ကောင်လေးက လိမ္မာရေးခြားရှိမယ့်ပုံပဲ၊ တစ်နေ့ကျရင်

mgyoe.com

mgyoe.com
SAMPLE BOOK


သူက ကောင်းမြတ်တဲ့ သူ့ရဲကောင်းတစ်ယောက် ဖြစ်လာမှာပါ' သူက စိတ်ထဲတွင် ရေရွတ်လိုက်သည်။

ငါးက အတွင်းပိုင်းတွင် သိပ်မကျက်သေးသလို ကောင်လေးက အရိုးအားလုံးကိုလည်း မထုတ်ထားပေ။ သို့သော် အမဲသားဆားနယ် စားရတာ ထက်တော့ အရသာ ပိုကောင်း၏။

အတန်ကြာသော် အက်ဂ်က ငြိမ်းသွားသော မီးပုံနံဘေးတွင် အိပ်ပျော်သွားသည်။ ဒန့်ခ်က ကြီးမားသော လက်အစုံကို ခေါင်းအုံးလုပ်၍ သူ့အနီးတွင် လဲလျောင်းလိုက်ပြီး ညကောင်းကင်ကို ငေးကြည့်နေမိသည်။ မိုင်ဝက်ခန့်အဝေးရှိ ပြိုင်ပွဲကျင်းပရာ ကွင်းပြင်ဆီမှ ပျံ့လွင့်လာသော သီချင်းသံများကို သဲ့သဲ့လေး ကြားနေရသည်။ ထောင်သောင်းချီသော ကြယ်များကို မျက်စိတစ်ဆုံး မြင်နေရသည်။ အမည်းရောင် ကောင်းကင်ကို ငေးကြည့်နေခိုက် တောက်ပသည့် ကြယ်တစ်စင်း ကြွေလွင့်သွားတာကို တွေ့လိုက်ရသည်။

'ကြယ်ကြွေတာကို မြင်တဲ့သူတွေက ကံကောင်းတယ်တဲ့၊ တခြားသူ့ရဲကောင်းတွေက အခုလောက်ဆိုရင် သူတို့တဲတွေထဲမှာ အိပ်နေကြလောက်ပြီ၊ ကောင်းကင်ကို မမြင်နိုင်ဘူး၊ ကံကောင်းခြင်းကတော့ ငါ့အတွက်ပဲ' ဟု ဒန့်ခ်က တိတ်တိတ်တွေးလိုက်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

နံနက် မိုးလင်းသော် ဒန့်ခ်သည် ကြက်တွန်သံနှင့်အတူ အိပ်ရာ နိုးလာသည်။ အက်ဂ်က ထိုနေရာတွင် ရှိနေသေးသည်။ အဘိုးကြီး၏ ဒုတိယအကောင်းဆုံး ဝတ်ရုံအောက်တွင် ကွေးကွေးလေး အိပ်နေသည်။ 'ကောင်လေး ညတုန်းက ထွက်ပြေး မသွားဘူးကွ၊ ဒါက အစကောင်းခြင်းပဲ' ဟု ဒန့်ခ်က သူ့ကိုယ်သူ ပြောသည်။

ထို့နောက် ကောင်လေးကို ခြေနှင့်တို့၍ နှိုးလိုက်သည်။

''ထတော့၊ ထတော့၊ လုပ်စရာတွေ ရှိသေးတယ်''

အက်ဂ်က ချက်ချင်း ထလိုက်ပြီး မျက်လုံးများကို ပွတ်သပ်လိုက်သည်။

''ဆွဲဖိုကို ကုန်းနှီးတင်ပေး''

ဒန့်ခ်က သူ့ကို ဆက်ပြောသည်။

''နံနက်စာ ဘာစားရမလဲ''

''အမဲသားဆားနယ် ရှိတယ်၊ အလုပ်ပြီးရင် စားရမယ်''

''မြင်းသားကိုပဲ စားလိုက်ချင်တော့တယ် ဆာ''

''ပြောတဲ့အတိုင်း မလုပ်ရင် ငါ့လက်သီးကို အရင်စားရမယ်၊ ဝက်မှင်ဘီးတွေ သွားယူချေ၊ ကုန်းနှီးအိတ်ထဲမှာ ရှိတယ်၊ ဟုတ်တယ်၊ အဲဒီတစ်ခုပဲ''

mgyoe.com

mgyoe.com

သူတို့နှစ်ယောက်က ဆွဲဖုကို ဝက်မှင်ဘီးဖြင့် တိုက်ချွတ်ပေးသည်။ ဆာအာလန်၏ အကောင်းဆုံး မြင်းကုန်းနှီးကို သူမကျောပေါ် တင်လိုက်ပြီး တင်းတင်းချည်လိုက်သည်။ အက်ဂ်သည် စိတ်ပါလျှင် အလုပ်ကောင်းကောင်း လုပ်ကြောင်း ဒန့်ခ် သိလိုက်သည်။

''ငါ ညနေလောက်မှ ပြန်ရောက်မယ် ထင်တယ်၊ မင်း ဒီမှာ နေခဲ့ပြီး သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ထား၊ သူခိုးတွေ ဘာတွေ အနားမကပ်နိုင်အောင် သတိထားဦး'' ဟု ပြောပြီး ဒန့်ခ်က မြင်းပေါ် လွှားခနဲ တက်လိုက်သည်။

''သူခိုးလာရင် ခြောက်လို့ရအောင် ဓားလေးဘာလေး ပေးထား လို့ ရမလား''

အက်ဂ်က မေးသည်။ သူ့မျက်လုံးများက အပြာရောင် ဖြစ်သည်။ သို့သော် ခရမ်းရောင်သန်းအောင် နက်မှောင်နေသည်ကို ဒန့်ခ် သတိပြုမိသည်။ ခေါင်းတွင် ဆံပင်မရှိခြင်းက မျက်လုံးများကို ပိုကြီးစေသည်ဟု ထင်ရပေသည်။

''ဓားရှည်တော့ မရဘူး၊ ဓားမြှောင်ပဲ ရမယ်၊ ငါ ပြန်ရောက်တဲ့ အခါ မင်း ဒီမှာ ရှိနေတာကို မြင်ချင်တယ်နော်၊ ကြားလား။ ငါ့မြင်းတွေ ယူပြီး ထွက်ပြေးသွားရင်တော့ ငါ မင်းကို ခွေးတွေနဲ့ လိုက်ဖမ်းမှာ''

''ခင်ဗျားမှာ ဘာခွေးမှ မရှိပါဘူး''

အက်ဂ်က ထောက်ပြသည်။

''မင်းအတွက် သီးသန့်ဝယ်မှာပေါ့'' ဟု ပြောပြီး ဒန့်ခ်က ဆွဲဖုကို အက်ရှ်ဖို့လွင်ပြင်ဘက် ခေါင်းလှည့်၍ ခပ်သွက်သွက် နှင်လေသည်။ သူ့ ခြိမ်းခြောက်မှုက ကောင်လေးကို ရိုးသားဖြောင့်မတ်ရန် လုံလောက်ပါစေဟု မျှော်လင့်နေမိသည်။ သူ့ကိုယ်ပေါ်က အဝတ်အစားများ၊ ကုန်းနှီးအိတ်ထဲက ချပ်ဝတ်များနှင့် သူ စီးနင်းထားသော မြင်းမှလွဲ၍ ဤလောကဝယ် သူ ပိုင်ဆိုင်သမျှ အရာအားလုံးသည် ထိုကောင်လေးနှင့်အတူ ကျန်နေခဲ့သည်။ 'သူစိမ်း ကောင်လေးတစ်ယောက်ကို ယုံကြည်မိတဲ့ ငါက တကယ့်အရူးတစ်ယောက်ပဲ၊ ဒါပေမဲ့ အဘိုးကြီးကလည်း ငါ့ကို အဲဒီလို ယုံကြည်ခဲ့တာပဲလေ။ မားသား (နတ်ဘုရား)က ငါ အဘိုးကြီးအပေါ် တင်နေတဲ့ အကြွေးတွေကို ပြန်ဆပ်ဖို့ အတွက် ဒီကောင်လေးကို ငါ့ဆီ စေလွှတ်လိုက်တာ ဖြစ်မယ်' ဟု ဒန့်ခ်က တွေးမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com


ကွင်းပြင်ကို ကျော်ဖြတ်နေဆဲတွင် ဒန့်ခ်သည် မြစ်ကမ်းဘက်မှ တူထုသံများကို ကြားနေသည်။ လက်သမားများက ပွဲကြည့်စင်ကြီးကို ဆောက်လုပ်နေကြသည်။ လွင်ပြင်ထဲတွင် ရွက်ဖျင်တဲ အသစ်အချို့ကို တွေ့ရသည်။ ထိုသူရဲကောင်းများသည် သူတို့တဲကိုယ်စီတွင် နံနက်စာ စားနေကြလောက်၏။ ဒန့်ခ်က ထင်းမီးရှို့သည့် အနံ့နှင့် ဝက်အူချောင်းကင်အနံ့တို့ကို ရနေသည်။

လွင်ပြင်၏ မြောက်ဘက်တွင် မန်ဒါမြစ်အတွင်းသို့ စီးဆင်းနေသော ကော့ကဲဝန့် မြစ်ငယ်လေးကို တွေ့ရသည်။ လွင်ပြင်၏ တစ်ဖက်ခြမ်းတွင် မြို့လေးနှင့် အက်ရှ်ဖို့ရဲတိုက် တည်ရှိသည်။ ဒန့်ခ်သည် အဘိုးကြီးနှင့် ခရီးများ ထွက်ရင်း ဈေးမြို့များစွာကို မြင်တွေ့ဖူးသည်။ သို့သော် ဤဈေးမြို့လေးကတော့ အလှပဆုံး ဖြစ်၏။ သက်ငယ်အမိုးများနှင့် အိမ်အဖြူလေးများသည် နေချင့်စဖွယ် ကောင်းသည်။ ညတိုင်းကို အမိုးအကာအောက်တွင် အိပ်ပြီး နံနက်ခင်းတိုင်းကို တူညီသော နံရံများကြားတွင် ပြန်နိုးထရတာ မည်သို့ ခံစားရမည်နည်းဟု ငယ်စဉ်တုန်းက ဒန့်ခ် တွေးဖူးသည်။ 'သိပ်မကြာခင် သိရတော့မယ် ဆိုတာ ငါ သိနေတယ်၊ အက်ဂ်လည်း အဲဒီလို နေနိုင်လိမ့်မယ်' ဟု သူက တွေးသည်။ ထူးဆန်းထွေလာများသည် နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်နေသည် မဟုတ်လော။

အက်ရှ်ဖို့ရဲတိုက်သည် တြိဂံပုံသဏ္ဌာန် ဆောက်လုပ်ထားသော ကျောက်သားရဲတိုက် ဖြစ်သည်။ ထောင့်တစ်ထောင့်စီတွင် ပေသုံးဆယ်ခန့် မြင့်မားသော အဝိုင်းသဏ္ဌာန် မျှော်စင်တစ်ခုစီ ရှိသည်။ အုတ်တံတိုင်းများက ထူထဲသည်။ အင်္ဂလိပ်အက္ခရာ ဗွီပုံသဏ္ဌာန် မျဉ်းကြောင်းအောက်တွင် အဖြူရောင် နေမင်းပုံ ခြယ်သထားသော လိမ္မော်ရောင် အလံများသည် သူရဲခိုများ ပေါ်တွင် လေယူရာ လူပ်ယိမ်းနေကြသည်။ ရဲတိုက်ဂိတ်တံခါးရှေ့တွင် လိမ္မော်နှင့် အဖြူ ဝတ်ထားပြီး ပုဆိန်အသွားတပ်လှံရှည် ကိုင်ထားသော အစောင့်တပ်သားများကို တွေ့ရသည်။ သူတို့က လူအဝင် အထွက်ကို ဂရုပြုရမည့်အစား လှပသော နို့ညှစ်သမလေးတစ်ဦးကို ကျီစယ်နေသည်။ ဒန့်ခ်က ရဲတိုက်အရှေ့တွင် မြင်းဇက်သတ်၍ ခေါင်းဆောင်ဟု ထင်ရသော မုတ်ဆိတ်နှင့်လူကို ပြိုင်ပွဲတာဝန်ခံ အကြောင်း မေးမြန်းလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK


"မင်းတွေ့ချင်တဲ့ လူက ပလမ်မာ ဆိုတဲ့ လူပဲ၊ သူက ဒီရဲတိုက်ရဲ့ ရိက္ခာမှူးပဲ၊ ငါ မင်းကို လိုက်ပြပေးမယ်"

ရဲတိုက်ခြံဝင်းအတွင်း ရောက်သောအခါ မြင်းထိန်းကောင်လေး တစ်ဦးက ဆွဲဖုကို သူ့လက်ထဲမှ ယူသွားသည်။ ဒန့်ခ်က ဆာအာလန်၏ ဒိုင်းကာကို ပခုံးတစ်ဖက်ပေါ် ထမ်းလိုက်ပြီး ခေါင်းဆောင် အနောက်ကို လိုက်သွားသည်။ အစောင့်တပ်သားက သူ့ကို ရဲတိုက်အုတ်တံတိုင်းနှင့် ကပ်လျက် ဆောက်ထားသော အဆောက်အအုံဆီ ခေါ်ဆောင်သွားသည်။ ကျောက်သားလှေကားထစ်များက နည်းနည်းတော့ မတ်၏။

"မင်းသခင်အတွက် စာရင်းလာပေးတာလား"

လှေကားတက်ရင်း ထိုလူက မေးသည်။

"မဟုတ်ဘူး… ကိုယ့်နာမည် ကိုယ် လာသွင်းတာပါ"

ဒန့်ခ်က ပြန်ဖြေသည်။

"ဩော်… ဟုတ်လား၊ အဲဒီတံခါးကနေ ဝင်သွားပေတော့၊ ငါက တော့ တာဝန်ကျတဲ့ နေရာကို ပြန်သွားရမယ်"

ဒန့်ခ် တံခါးတွန်းဖွင့်လိုက်သောအခါ ရိက္ခာမှူးဆိုသူက သစ်သား စားပွဲတစ်လုံးတွင် ထိုင်နေပြီး ငန်းတောင်ကလောင်တံဖြင့် စာရွက်တစ်ရွက် ပေါ်တွင် ရေးခြစ်နေသည်။ သူ့ဆံပင်က မီးခိုးရောင်ဖြစ်ပြီး ဆံသား ပါးသည်။ မျက်နှာရှည်ရှည်၊ မေးချွန်ချွန် ဖြစ်သည်။ သူက ဒန့်ခ်ကို မော့ကြည့်လိုက်သည်။

"ပြောပါ၊ ဘာအလိုရှိသလဲ"

ဒန့်ခ်က တံခါးကို ပြန်တွန်းပိတ်လိုက်သည်။

"ခင်ဗျားက ရိက္ခာမှူး ပလမ်မာလား၊ ကျွန်တော်က ပြိုင်ပွဲအတွက် နာမည်စာရင်း လာပေးတာ"

"ငါ့သခင်ရဲ့ ပြိုင်ပွဲက သူရဲကောင်းတွေ အတွက်ပဲကွ၊ မင်းက သူရဲကောင်းဘွဲ့ ရထားသလား"

ဒန့်ခ်က ခေါင်းညိတ်လိုက်သည်။ စိတ်ထဲတွင်တော့ သူ့နားရွက်များ နီနေမလားဟု တွေးမိသည်။

"သူရဲကောင်းရဲ့ နာမည်က ဘာများလဲ"

"ဒန့်ခ်… အမ် … အရှည်ကြီး ဆာဒန့်ကန်ပါ"

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com